# အဘိဓမ္မပိဋက

# ဝိဘင်္ဂပါဠိတော်

## မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၂ - အာယတနဝိဘင်္ဂ

(စိတ် စေတသိက်တို့ ဖြစ်ရာ ဖြစ်ကြောင်း 'အာယတန' တို့ကို ဝေဖန်၍ ဟောကြားအပ်သော အာယတနဝိဘင်း)

၁ - သုတ္တန္တဘာဇနီယ

(သုတ္တန်နည်းဖြင့်ဝေဖန်၍ ဟောကြားအပ်သော သုတ္တန္တဘာဇနီယနည်း)

**အာယတန (၁၂)ပါး**

**အာယတန (၁၂)ပါးကို ဝိပဿနာ ရှုပုံ**

၂ - အဘိဓမ္မဘာဇနီယ

(အဘိဓမ္မာနည်းဖြင့်ဝေဖန်၍ ဟောကြားအပ်သော 'အဘိဓမ္မဘာဇနီယ' နည်း)

**အာယတန (၁၂)ပါး**

စက္ခာယတန

သောတာယတန

ဃာနာယတန

ဇိဝှါယတန

ကာယာယတန

**ဒုကမူလကနည်း (ဒုကမူ-တိကမူလီ)**

(ဒုက် ၅၂-ခုကို မူတည်၍ တိက် ၂၁-ခုကို မူလီသွင်းသော ဒုကမူလကနည်း)

**၁ - သဟေတုကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း**

**(၁) သဟေတုကဒုကမူ - ကုသလတိကမူလီ ၁၀-နည်း**

မနာယတန

[ဧကကနည်း၊ ဒုကနည်း။ပ။ ဒသကနည်း။]

**(၂) သဟေတုကဒုကမူ - ဝေဒနာတိကမူလီ ၁၀-နည်း**

ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန

## ၂ - အာယတနဝိဘင်္ဂ

**ဓမ္မာယတန ၅-မျိုး**

**ဝေဒနာက္ခန္ဓာ ဓမ္မာယတန၊ သညာက္ခန္ဓာ ဓမ္မာယတန၊ သင်္ခါရက္ခန္ဓာ ဓမ္မာယတန၊**

**သုခုမရုပ် ဓမ္မာယတန၊ နိဗ္ဗာန် ဓမ္မာယတန**

**၃ - ပဉ္စာပုစ္ဆက**

(အမေး-အဖြေပြု၍ ဟောကြားသောနည်း)

**အာယတန (၁၂)ပါး**

**အာယတန (၁၂)ပါးတို့ကို တိက်ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာနည်းသက်သက်ကို ပြခြင်း**

**၁ - တိက်(၂၂)ပါးတို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကိုပြခြင်း**

**(၁) ကုသလတိက် အမေး ပုစ္ဆာ**

(ဝေဒနာတိက် အမှတ်-၂ မှ သနိဒဿနတိက် အမှတ်-၂၂ အထိ (တိက် ၂၁-ခု တို့၏ အမေး ပုစ္ဆာများကို) ပေယျာလ ချန်ခဲ့ပြီးလျှင် ဟေတုဒုက် ဒုက်အမှတ်-၁ မှ သဉ္တတ္တရဒုက် ဒုက်အမှတ်-၉၉ အထိ ပေယျာလ လုံးဝချန် ခဲ့သည်။)

**၂ - ဒုက်(၁၀၀)တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း**

(ဟေတုဒုက် ဒုက်အမှတ်- ၁မှ သဉ္တတ္တရဒုက် ဒုက်အမှတ်-၉၉အထိ ပေယျာလ လုံးဝချန်ခဲ့သည်။

**(၁၀၀) သရဏဒုက်အမေးပုစ္ဆာ**

**အာယတန ၁၂-ပါးတို့ကို တိက်ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း**

**၁ - တိကဝိသဇ္ဇနာ**

(အာယာတန ၁၂-ပါးတို့ကို တိက် ၂၂-ပါးတို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း)

**(၁) ကုသလတိက် အဖြေဝိသဇ္ဇနာ**

**(၂) ဝေဒနာတိက် အဖြေဝိသဇ္ဇနာ**

**(၃) ဝိပါကတိက် အဖြေဝိသဇ္ဇနာ**

**(၄) ဥပါဒိဏ္ဏတိက် အဖြေဝိသဇ္ဇနာ**

**(၅) သံကိလိဋ္ဌတိက် အဖြေဝိသဇ္ဇနာ**

**(၆) ဝိတက်တိက် အဖြေဝိသဇ္ဇနာ**

**(၇) ပီတိတိက် အဖြေဝိသဇ္ဇနာ**

**(၈) ဒဿနတိက် အဖြေဝိသဇ္ဇနာ**

**(၉) ဒဿနဟေတုတိက် အဖြေဝိသဇ္ဇနာ**

**(၁၀) အာစယဂါမိတိက် အဖြေဝိသဇ္ဇနာ**

**(၁၁) သေက္ခတိက် အဖြေဝိသဇ္ဇနာ**

**(၁၂) ပရိတ္တတိက် အဖြေဝိသဇ္ဇနာ**

**(၁၃) ပရိတ္တာရမ္မဏတိက် အဖြေဝိသဇ္ဇနာ**

**(၁၄) ဟီနတိက် အဖြေဝိသဇ္ဇနာ**

**(၁၅) မိစ္ဆတ္တတိက် အဖြေဝိသဇ္ဇနာ**

**(၁၆) မဂ္ဂါရမ္မဏတိက် အဖြေဝိသဇ္ဇနာ**

**(၁၇) ဥပ္ပန္နတိက် အဖြေဝိသဇ္ဇနာ**

**(၁၈) အတီတတိက် အဖြေဝိသဇ္ဇနာ**

**(၁၉) အတီတာရမ္မဏတိက် အဖြေဝိသဇ္ဇနာ**

**(၂၀) အဇ္ဈတ္တတိက် အဖြေဝိသဇ္ဇနာ**

**(၂၁) အဇ္ဈတ္တာရမ္မဏတိက် အဖြေဝိသဇ္ဇနာ**

**(၂၂) သနိဒဿနတိက် အဖြေဝိသဇ္ဇနာ**

# ၂ - အာယတနဝိဘင်္ဂ

## ၂ - ဒုကဝိသဇ္ဇနာ

(အာယတန ၁၂-ပါးတို့ကို ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း)

### ၁ - ဟေတုဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ

(၁) ဟေတုဒုက် အဖြေဝိသဇ္ဇနာ

(၂) သဟေတုကဒုက် အဖြေဝိသဇ္ဇနာ

(၃) ဟေတုသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၄) ဟေတုသဟေတုကဒုက် အဖြေဝိသဇ္ဇနာ

(၅) ဟေတုဟေတုသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၆) န ဟေတု သဟေတုကဒုက် အဖြေဝိသဇ္ဇနာ

------

### ၂ - စူဠန္တရဒုက် ၇-ခု အဖြေဝိသဇ္ဇနာ

(၇) သပ္ပစ္စယဒုက် အဖြေဝိသဇ္ဇနာ

(၈) သင်္ခတဒုက် အဖြေဝိသဇ္ဇနာ

(၉) သနိဒဿနဒုက အဖြေဝိသဇ္ဇနာ

(၁၀) သပ္ပဋိဃဒုက် အဖြေဝိသဇ္ဇနာ

(၁၁) ရူပီဒုက် အဖြေဝိသဇ္ဇနာ

(၁၂) လောကိယဒုက် အဖြေဝိသဇ္ဇနာ

(၁၃) ကေနစိဝိညေယျဒုက် အဖြေဝိသဇ္ဇနာ

------

### ၃ - အာသဝဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ

(၁၄) အာသဝဒုက် အဖြေဝိသဇ္ဇနာ

(၁၅) သာသဝဒုက် အဖြေဝိသဇ္ဇနာ

(၁၆) အာသဝသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၁၇) အာသဝ သာသဝဒုက် အဖြေဝိသဇ္ဇနာ

(၁၈) အာသဝအာသဝသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက် အဖြေဝိသဇ္ဇနာ

------

# ၂ - အာယတနဝိဘင်္ဂ

## ၄ - သဠာယတနဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ

(၂၀) သဠာယတနဒုက် အဖြေဝိသဇ္ဇနာ

(၂၁) သဠာယတနိယဒုက် အဖြေဝိသဇ္ဇနာ

(၂၂) သဠာယတနသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၂၃) သဠာယတန သဠာယတနိယဒုက် အဖြေဝိသဇ္ဇနာ

(၂၄) သဠာယတန သဠာယတနသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၂၅) သဠာယတနဝိပ္ပယုတ္တ သဠာယတနိယဒုက် အဖြေဝိသဇ္ဇနာ

------

## ၅ - ဂန္ထဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ

(၂၆) ဂန္ထဒုက် အဖြေဝိသဇ္ဇနာ

(၂၇) ဂန္ထနိယဒုက် အဖြေဝိသဇ္ဇနာ

(၂၈) ဂန္ထသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၂၉) ဂန္ထဂန္ထနိယဒုက် အဖြေဝိသဇ္ဇနာ

(၃၀) ဂန္ထဂန္ထသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၃၁) ဂန္ထဝိပ္ပယုတ္တ ဂန္ထနိယဒုက် အဖြေဝိသဇ္ဇနာ

------

## ၆ - ဩဃဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ

## ၇ - ယောဂဂေါစ္ဆက ဒုက် ၆-ခုအဖြေဝိသဇ္ဇနာ

(၃၂ - ၄၃)

ဩဃဂေါစ္ဆကနှင့် ယောဂဂေါစ္ဆက ဒုက်တို့သည် အာသဝဂေါစ္ဆကဒုက်နှင့် အလုံးစုံတူဖြစ်သဖြင့် ပေယျာလ ချန်ခဲ့သည်။

## ၈ - နီဝရဏဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ

(၄၄)နီဝရဏဒုက် အဖြေဝိသဇ္ဇနာ

(၄၅)နီဝရဏိယဒုက် အဖြေဝိသဇ္ဇနာ

(၄၆)နီဝရဏသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၄၇)နီဝရဏနီဝရဏိယဒုက် အဖြေဝိသဇ္ဇနာ

(၄၈) နီဝရဏ နီဝရဏသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၄၉) နီဝရဏဝိပ္ပယုတ္တနီဝရဏိယဒုက် အဖြေဝိသဇ္ဇနာ

------

## ၂ - အာယတနဝိဘင်္ဂ

၉ - ပရာမာသဂေါစ္ဆက ဒုက် ၅-ခု အဖြေဝိသဇ္ဇနာ

(၅၀) ပရာမာသဒုက် အဖြေဝိသဇ္ဇနာ

(၅၁) ပရာမဋ္ဌဒုက် အဖြေဝိသဇ္ဇနာ

(၅၂) ပရာမာသသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၅၃) ပရာမာသ ပရာမဋ္ဌဒုက် အဖြေဝိသဇ္ဇနာ

(၅၄) ပရာမာသဝိပ္ပယုတ္တပရာမဋ္ဌဒုက် အဖြေဝိသဇ္ဇနာ

------

၁၀ - မဟန္တရဒုက် ၁၄-ခု အဖြေဝိသဇ္ဇနာ

(၅၅) သာရမ္မဏဒုက် အဖြေဝိသဇ္ဇနာ

(၅၆) စိတ္တဒုက် အဖြေဝိသဇ္ဇနာ

(၅၇) စေတသိကဒုက် အဖြေဝိသဇ္ဇနာ

(၅၈) စိတ္တသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၅၉) စိတ္တသံသဋ္ဌဒုက် အဖြေဝိသဇ္ဇနာ

(၆၀) စိတ္တသမုဋ္ဌာနဒုက် အဖြေဝိသဇ္ဇနာ

(၆၁) စိတ္တသဟဘုဒုက် အဖြေဝိသဇ္ဇနာ

(၆၂) စိတ္တာနုပရိဝတ္တိဒုက် အဖြေဝိသဇ္ဇနာ

(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက် အဖြေဝိသဇ္ဇနာ

(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုဒုက် အဖြေဝိသဇ္ဇနာ

(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက် အဖြေဝိသဇ္ဇနာ

(၆၆) အဇ္ဈတ္တိကဒုက် အဖြေဝိသဇ္ဇနာ

(၆၇) ဥပါဒါဒုက် အဖြေဝိသဇ္ဇနာ

(၆၈) ဥပါဒိန္နဒုက် အဖြေဝိသဇ္ဇနာ

------

၁၁ - ဥပါဒါနဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ

(၆၉) ဥပါဒါနဒုက် အဖြေဝိသဇ္ဇနာ

(၇၀) ဥပါဒါနိယဒုက် အဖြေဝိသဇ္ဇနာ

(၇၁) ဥပါဒါနသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၇၂) ဥပါဒါန ဥပါဒါနိယဒုက် အဖြေဝိသဇ္ဇနာ

(၇၃) ဥပါဒါနဥပါဒါနသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၇၄) ဥပါဒါနဝိပ္ပယုတ္တ ဥပါဒါနိယဒုက် အဖြေဝိသဇ္ဇနာ

## ၂ - အာယတနဝိဘင်္ဂ

### ၁၂ - ကိလေသ ဂေါစ္ဆကဒုက် ၈-ခု အဖြေဝိသဇ္ဇနာ

(၇၅) ကိလေသ ဂေါစ္ဆကဒုက် အဖြေဝိသဇ္ဇနာ

(၇၆) သံကိလေသိကဒုက် အဖြေဝိသဇ္ဇနာ

(၇၇) သံကိလိဋ္ဌဒုက် အဖြေဝိသဇ္ဇနာ

(၇၈) ကိလေသသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၇၉) ကိလေသ သံကိလေသိကဒုက် အဖြေဝိသဇ္ဇနာ

(၈၀) ကိလေသ သံကိလိဋ္ဌဒုက် အဖြေဝိသဇ္ဇနာ

(၈၁) ကိလေသ ကိလေသသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၈၂) ကိလေသဝိပ္ပယုတ္တ သံကိလေသိကဒုက် အဖြေဝိသဇ္ဇနာ

------

### ၁၃ - ပိဋ္ဌိဒုက် ၁၈-ခု အဖြေဝိသဇ္ဇနာ

(၈၃) ဒဿနေနပဟာတဗ္ဗဒုက် အဖြေဝိသဇ္ဇနာ

(၈၄) ဘာဝနာယပဟာတဗ္ဗဒုက် အဖြေဝိသဇ္ဇနာ

(၈၅) ဒဿနေန ပဟာတဗ္ဗဟေတုကဒုက် အဖြေဝိသဇ္ဇနာ

(၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက် အဖြေဝိသဇ္ဇနာ

(၈၇) သဝိတက္ကဒုက် အဖြေဝိသဇ္ဇနာ

(၈၈) သဝိစာရဒုက် အဖြေဝိသဇ္ဇနာ

(၈၉) သပ္ပီတိကဒုက် အဖြေဝိသဇ္ဇနာ

(၉၀) ပီတိသဟဂတဒုက် အဖြေဝိသဇ္ဇနာ

(၉၁) သုခသဟဂတဒုက် အဖြေဝိသဇ္ဇနာ

(၉၂) ဥပေက္ခာသဟဂတဒုက် အဖြေဝိသဇ္ဇနာ

(၉၃) ကာမာဝစရဒုက် အဖြေဝိသဇ္ဇနာ

(၉၄) ရူပါဝစရဒုက် အဖြေဝိသဇ္ဇနာ

(၉၅) အရူပါဝစရဒုက် အဖြေဝိသဇ္ဇနာ

(၉၆) ပရိယာပန္နဒုက် အဖြေဝိသဇ္ဇနာ

(၉၇) နိယျာနိကဒုက် အဖြေဝိသဇ္ဇာနာ

(၉၈) နိယတဒုက် အဖြေဝိသဇ္ဇနာ

(၉၉) သဥတ္တရဒုက် အဖြေဝိသဇ္ဇနာ

(၁၀၀) သရဏဒုက် အဖြေဝိသဇ္ဇနာ

အာယတန ၁၂-ပါးတို့ကို ဝေဖန်၍ ဟောကြားသည့်

‘အာယတနဝိဘင်း’ မာတိကာ ပြီးပြီ။

------

# အဘိဓမ္မပိဋက

# ဝိဘင်္ဂပါဠိတော်

## မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၂ - အာယတနဝိဘင်္ဂ

## (စိတ်စေတသိက်တို့ ဖြစ်ရာဖြစ်ကြောင်း 'အာယတန'တို့ကို ဝေဖန်၍ ဟောကြားအပ်သော အာယတနဝိဘင်း)

## ၁ - သုတ္တန္တဘာဇနီယ

## (သုတ္တန်နည်းဖြင့်ဝေဖန်၍ ဟောကြားအပ်သော 'သုတ္တန္တဘာဇနီယ'နည်း)

## အာယတန (၁၂)ပါး

၁၅၄။ စိတ်စေတသိက်တို့ ဖြစ်ရာဖြစ်ကြောင်း 'အာယတန' တစ်ဆယ့်နှစ်ပါးတို့ကား-

(၁) မြင်သိစိတ် 'စက္ခုဝိညာဏ်' ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' (စက္ခုပသာဒ, စက္ခုဝတ္ထု, စက္ခုဒွါရ)။

(၂) မြင်သိစိတ် 'စက္ခုဝိညာဏ်' ဖြစ်ကြောင်း အဆင်း 'ရူပါယတန' (ရူပါရုံ)။

(၃) ကြားသိစိတ် 'သောတဝိညာဏ်' ဖြစ်ရာ နားအကြည် 'သောတာယတန' (သောတပသာဒ, သောတဝတ္ထု, သောတဒွါရ)။

(၄) ကြားသိစိတ် 'သောတဝိညာဏ်' ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန' (သဒ္ဒါရုံ)။

(၅) နံသိစိတ် 'ဃာနဝိညာဏ်' ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတန' (ဃာနပသာဒ, ဃာန ဝတ္ထု, ဃာနဒွါရ)။

(၆) နံသိစိတ် 'ဃာနဝိညာဏ်' ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန' (ဂန္ဓာရုံ)။

(၇) လျက်သိစိတ် 'ဇိဝှါဝိညာဏ်' ဖြစ်ရာလျှာအကြည် 'ဇိဝှါယတန'(ဇိဝှါပသာဒ, ဇိဝှါဝတ္ထု, ဇိဝှါဒွါရ)။

(၈) လျက်သိစိတ် 'ဇိဝှါဝိညာဏ်' ဖြစ်ကြောင်း အရသာ 'ရသာယတန' (ရသာရုံ)။

(၉) ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန' (ကာယပသာဒ, ကာယဝတ္ထု, ကာယဒွါရ)။

(၁၀) ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' (ဖောဋ္ဌဗ္ဗာရုံ)။

(၁၁) သိမှုစိတ်ဖြစ်ရာ 'မနာယတန'[၁] (စိတ် ၈၉-ပါး)။

(၁၂) သိမှုစိတ်ဖြစ်ကြောင်း သဘာဝ 'ဓမ္မာယတန' (ဓမ္မာရုံ) တို့တည်း။ (ဏီ-၅၉၃, ၁၃၄၂)

၁။ ဝိဘင်းစာပိုဒ် ၁၆၁-ရှု။ ဓမ္မသင်္ဂဏီ စာပိုဒ် ၆၅-လည်းရှု။

# အာယတနဝိဘင်

## အာယတန (၁၂)ပါးကို ဝိပဿနာ ရှုပုံ

(၁) မျက်စိသည် မမြဲ 'အနိစ္စ'၊ ဆင်းရဲ၏ 'ဒုက္ခ'၊ အတ္တမဟုတ် (မိမိအလိုသို့ မလိုက်) 'အနတ္တ'၊ ဖောက်ပြန်သော သဘောရှိ၏ 'ဝိပရိဏာမဓမ္မ'။

(၂) အဆင်း 'ရူပါရုံ' တို့သည် မမြဲကုန် 'အနိစ္စ'၊ ဆင်းရဲကုန်၏ 'ဒုက္ခ'၊ အတ္တမဟုတ်ကုန် (မိမိအလိုသို့ မလိုက်ကုန်) 'အနတ္တ'၊ ဖောက်ပြန်သော သဘောရှိကုန်၏ 'ဝိပရိဏာမဓမ္မ'။

(၃) နားသည် မမြဲ 'အနိစ္စ'၊ ဆင်းရဲ၏ 'ဒုက္ခ'၊ အတ္တမဟုတ် (မိမိအလိုသို့ မလိုက်) 'အနတ္တ'၊ ဖောက်ပြန်သော သဘောရှိ၏ 'ဝိပရိဏာမဓမ္မ'။

(၄) အသံ 'သဒ္ဒါရုံ' တို့သည် မမြဲကုန် 'အနိစ္စ'၊ ဆင်းရဲကုန်၏ 'ဒုက္ခ'၊ အတ္တမဟုတ်ကုန် (မိမိအလိုသို့ မလိုက်ကုန်) 'အနတ္တ'၊ ဖောက်ပြန်သော သဘောရှိကုန်၏ 'ဝိပရိဏာမဓမ္မ'။

(၅) နှာခေါင်းသည် မမြဲ 'အနိစ္စ'၊ ဆင်းရဲ၏ 'ဒုက္ခ'၊ အတ္တမဟုတ် (မိမိအလိုသို့ မလိုက်) 'အနတ္တ'၊ ဖောက်ပြန်သော သဘောရှိ၏ 'ဝိပရိဏာမဓမ္မ'။

(၆) အနံ့ 'ဂန္ဓာရုံ' တို့သည် မမြဲကုန် 'အနိစ္စ'၊ ဆင်းရဲကုန်၏ 'ဒုက္ခ'၊ အတ္တမဟုတ်ကုန် (မိမိအလိုသို့ မလိုက်ကုန်) 'အနတ္တ'၊ ဖောက်ပြန်သော သဘောရှိကုန်၏ 'ဝိပရိဏာမဓမ္မ'။

(၇) လျှာသည် မမြဲ 'အနိစ္စ'၊ ဆင်းရဲ၏ 'ဒုက္ခ'၊ အတ္တမဟုတ် (မိမိအလိုသို့ မလိုက်) 'အနတ္တ'၊ ဖောက်ပြန်သော သဘောရှိ၏ 'ဝိပရိဏာမဓမ္မ'။

(၈) အရသာ 'ရသာရုံ' တို့သည် မမြဲကုန် 'အနိစ္စ'၊ ဆင်းရဲကုန်၏ 'ဒုက္ခ'၊ အတ္တမဟုတ်ကုန် (မိမိ အလိုသို့ မလိုက်ကုန်) 'အနတ္တ'၊ ဖောက်ပြန်သော သဘောရှိကုန်၏ 'ဝိပရိဏာမဓမ္မ'။

(၉) ကိုယ် 'ကာယ'သည် မမြဲ 'အနိစ္စ'၊ ဆင်းရဲ၏ 'ဒုက္ခ'၊ အတ္တမဟုတ် (မိမိအလိုသို့ မလိုက်) 'အနတ္တ'၊ ဖောက်ပြန်သော သဘောရှိ၏ 'ဝိပရိဏာမဓမ္မ'။

(၁၀) တွေ့ထိမှု (အတွေ့) 'ဖောဋ္ဌဗ္ဗာရုံ' တို့သည် မမြဲကုန် 'အနိစ္စ'၊ ဆင်းရဲကုန်၏ 'ဒုက္ခ'၊ အတ္တ မဟုတ်ကုန် (မိမိအလိုသို့ မလိုက်ကုန်) 'အနတ္တ'၊ ဖောက်ပြန်သော သဘောရှိကုန်၏ 'ဝိပရိဏာမဓမ္မ'။

(၁၁) သိမှုစိတ်သည် မမြဲ 'အနိစ္စ'၊ ဆင်းရဲ၏ 'ဒုက္ခ'၊ အတ္တမဟုတ် (မိမိအလိုသို့ မလိုက်) 'အနတ္တ'၊ ဖောက်ပြန်သော သဘောရှိ၏ 'ဝိပရိဏာမဓမ္မ'။

(၁၂) သိမှုစိတ်ဖြစ်ကြောင်း သဘော 'ဓမ္မာရုံ'[၂] တို့သည် မမြဲကုန် 'အနိစ္စ'၊ ဆင်းရဲကုန်၏ 'ဒုက္ခ'၊ အတ္တမဟုတ်ကုန် (မိမိအလိုသို့ မလိုက်ကုန်) 'အနတ္တ'၊ ဖောက်ပြန်သော သဘောရှိကုန်၏ 'ဝိပရိဏာမ ဓမ္မ'။

**သုတ္တန်နည်းဖြင့် ဝေဖန်ဟောကြားအပ်သော 'သုတ္တန္တဘာဇနီယ' နည်း ပြီး၏။**

------

၂။ ဤဓမ္မာရုံတို့၌ နိဗ္ဗာန် မပါဝင်ချေ။

# အာယတနဝိဘင်္ဂ

## ၂ - အဘိဓမ္မဘာဇနီယ

### (အဘိဓမ္မာနည်းဖြင့်ဝေဖန်၍ ဟောကြားအပ်သော 'အဘိဓမ္မဘာဇနီယ' နည်း)

### အာယတန (၁၂)ပါး

၁၅၅။ စိတ်စေတသိက်တို့ ဖြစ်ရာဖြစ်ကြောင်း 'အာယတန' တစ်ဆယ့်နှစ်ပါးတို့ကား-

(၁) မြင်သိစိတ် 'စက္ခုဝိညာဏ်' ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' (စက္ခုပသာဒ, စက္ခုဝတ္ထု, စက္ခုဒွါရ)။

(၂) ကြားသိစိတ် 'သောတဝိညာဏ်' ဖြစ်ရာ နားအကြည် 'သောတာယတန' (သောတပသာဒ, သောတဝတ္ထု, သောတဒွါရ)။

(၃) နံသိစိတ် 'ဃာနဝိညာဏ်' ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတန' (ဃာနပသာဒ, ဃာန ဝတ္ထု, ဃာနဒွါရ)။

(၄) လျက်သိစိတ် 'ဇိဝှါဝိညာဏ်' ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတန' (ဇိဝှါပသာဒ, ဇိဝှါဝတ္ထု, ဇိဝှါ ဒွါရ)။

(၅) ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန' (ကာယပသာဒ, ကာယ ဝတ္ထု, ကာယဒွါရ)။

(၆) သိမှုစိတ်ဖြစ်ရာ 'မနာယတန' (စိတ် ၈၉-ပါး)။

(၇) မြင်သိစိတ် 'စက္ခုဝိညာဏ်' ဖြစ်ကြောင်း အဆင်း 'ရူပါယတန' (ရူပါရုံ)။

(၈) ကြားသိစိတ် 'သောတဝိညာဏ်' ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန' (သဒ္ဒါရုံ)။

(၉) နံသိစိတ် 'ဃာနဝိညာဏ်' ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန' (ဂန္ဓာရုံ)။

(၁၀) လျက်သိစိတ် 'ဇိဝှါဝိညာဏ်' ဖြစ်ကြောင်း အရသာ 'ရသာယတန' (ရသာရုံ)။

(၁၁) ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' (ဖောဋ္ဌဗ္ဗာရုံ)။

(၁၂) သိမှုစိတ်ဖြစ်ကြောင်း သဘာဝ 'ဓမ္မာယတန' (ဓမ္မာရုံ) တို့တည်း။ (ဏီ-၅၉၃, ၁၃၄၂)

# အာယတနဝိဘင်

**စက္ခာယတန**

၁၅၆။ (၁) ထိုအာယတန ၁၂-ပါးတို့တွင် အဘယ်သည် မြင်သိစိတ် ‘စက္ခုဝိညာဏ်’ ဖြစ်ရာ မျက်စိအကြည် ‘စက္ခာယတန’ မည်သနည်း။

အကြင် မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် ‘စက္ခု’ (ပသာဒ) ရုပ်သည် ကြီးကျယ်ထင်ရှားသော ‘မဟာဘုတ်’ လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏ ‘ပသာဒ’၊ ကိုယ်ခန္ဓာ ‘အတ္တဘော’၌ အကျုံးဝင်၏ ‘အတ္တဘာဝပရိယာပန္န’၊ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ် (မြင်အပ်သော သဘောမရှိ, မမြင်အပ်) ‘အနိဒဿန’၊ ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့်တကွ ဖြစ်၏ ‘သပ္ပဋိဃ’။

မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော), ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွ ဖြစ်သော အကြင် မျက်စိအကြည် ‘စက္ခု’ (ပသာဒ)ဖြင့် မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွ ဖြစ်သော (မြင်အပ်သော), ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့်တကွ ဖြစ်သော အဆင်း ‘ရူပါရုံ’ ကို မြင်လည်း မြင်ခဲ့ပြီ၊ မြင်လည်း မြင်ဆဲ၊ မြင်လည်း မြင်လတ္တံ့၊ မြင်မူလည်း မြင်ရာ၏။

ဤရုပ်သည် မျက်စိအကြည် ‘စက္ခု’ (ပသာဒ) လည်း မည်၏၊ ဤရုပ်သည် မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် ‘စက္ခာယတန’ လည်း မည်၏၊ ဤရုပ်သည် မျက်စိအကြည်ဟူသော သဘော ‘စက္ခုဓာတ်’လည်း မည်၏၊ ဤရုပ်သည် မြင်မှု၌ အစိုးရသော မျက်စိအကြည် ‘စက္ခုန္ဒြေ’ လည်း မည်၏၊ ဤရုပ်သည် ဖြစ်တတ် ပျက်တတ်သော သဘော ‘လောက’ လည်း မည်၏၊ ဤရုပ်သည် (ဖဿစသော နာမ်တရားတို့၏ ဖြစ်ကြောင်း) တံခါး ‘ဒွါရ’ လည်း မည်၏၊ ဤရုပ်သည် (ရူပါရုံကို မြင်မှု၌ မရောင့်ရဲ ပြည့်နိုင်ခဲသော သဘောကြောင့်) သမုဒ္ဒရာ ‘သမုဒ္ဒ’ လည်း မည်၏၊ ဤရုပ်သည် ဖြူစင်ခြင်းသဘော (အလုံးစုံ ထက်ဝန်းကျင် ကြည်လင် သန့်ရှင်းစင်ကြယ်သော သဘော) ‘ပဏ္ဍရ’ လည်း မည်၏၊ ဤရုပ်သည် (ဖဿစသော နာမ်တရားတို့၏ ပေါက်ဖွားရာ) လယ်မြေ ‘ခေတ္တ’ လည်း မည်၏၊ ဤရုပ်သည် (ဖဿစသော နာမ်တရားတို့၏) မှီရာ တည်ရာ ‘ဝတ္ထု’ လည်း မည်၏၊ ဤရုပ်သည် (လမ်းခရီး ညီညွတ်သည် မညီညွတ်သည်ကို ပြလျက် အတ္တဘောကို) ဆောင်တတ်သော သဘော ‘နေတ္တ’ လည်း မည်၏၊ ဤရုပ်သည် (လမ်းခရီး ညီညွတ်သည် မညီညွတ်သည်ကို ပြလျက် အတ္တဘောကိုပင်) ဆောင်တတ်သော သဘော ‘နယန’ လည်း မည်၏၊ ဤရုပ်သည် (နိဗ္ဗာန်မှ တစ်ဖက်ကမ်းဖြစ်သော ငါ-ငါဟူသော စွဲလမ်းမှု ‘သက္ကာယ’ ၌ အကျုံးဝင်သဖြင့်) ဤမှာဘက်ကမ်း ‘ဩရိမတီရ’ လည်း မည်၏၊ ဤရုပ်သည် (စက္ခုဒွါရ၌ ဖြစ်သော စိတ်အများနှင့် ဆက်ဆံခြင်းရှိ၍ သီးခြားပိုင်ရှင် ကင်းမဲ့သဖြင့်) ဆိတ်သုဥ်းသောရွာ ‘သုညဂါမ’[၁] လည်း မည်၏။ ။ ဤသို့ သဘောရှိသောရုပ်ကို မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် ‘စက္ခာယတန’ ဟူ၍ ဆိုအပ်၏။ (ဏီ-၅၉၆)

# အာယတနဝိဘင်္ဂ

**သောတာယတန**

၁၅၇။ (၂) ထိုအာယတန ၁၂-ပါးတို့တွင် အဘယ်သည် ကြားသိစိတ် 'သောတဝိညာဏ်' ဖြစ်ရာ 'သောတာယတန' မည်သနည်း။

အကြင် ကြားသိစိတ် 'သောတဝိညာဏ်' ဖြစ်ရာ နားအကြည် 'သောတ' (ပသာဒ) သည် ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်' လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏ 'ပသာဒ'၊ ကိုယ်ခန္ဓာ အတ္တဘော၌ အကျုံးဝင်၏ 'အတ္တဘာဝပရိယာပန္န'၊ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ် (မြင်အပ်သော သဘောမရှိ, မမြင်အပ်) 'အနိဒဿန'၊ ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့်တကွ ဖြစ်၏ 'သပ္ပဋိဃ'။

မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော), ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့်တကွ ဖြစ်သော နားအကြည် 'သောတ' (ပသာဒ) ဖြင့် မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော), ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့်တကွ ဖြစ်သော အသံ 'သဒ္ဒါရုံ' ကို ကြားလည်း ကြားခဲ့ပြီ၊ ကြားလည်း ကြားဆဲ၊ ကြားလည်း ကြားလတ္တံ့၊ ကြားမူလည်း ကြားရာ၏။

ဤရုပ်သည် ကြားသိစိတ်ဖြစ်ရာ နားအကြည် 'သောတ' (ပသာဒ) လည်း မည်၏၊ ဤရုပ်သည် ကြားသိစိတ်ဖြစ်ရာ နားအကြည် 'သောတာယတန' လည်း မည်၏၊ ဤရုပ်သည် နားအကြည်ဟူသော သဘော 'သောတဓာတ်' လည်း မည်၏၊ ဤရုပ်သည် ကြားမှု၌ အစိုးရသော နားအကြည် 'သောတိန္ဒြေ' လည်း မည်၏၊ ဤရုပ်သည် ဖြစ်တတ် ပျက်တတ်သောသဘော 'လောက' လည်း မည်၏၊ ဤရုပ်သည် (ဖဿစသော နာမ်တရားတို့၏ ဖြစ်ကြောင်း) တံခါး 'ဒွါရ' လည်း မည်၏၊ ဤရုပ်သည် (သဒ္ဒါရုံကို ကြားမှု၌ မရောင့်ရဲ ပြည့်နိုင်ခဲသော သဘောကြောင့်) သမုဒ္ဒရာ 'သမုဒ္ဒ' လည်း မည်၏၊ ဤရုပ်သည် ဖြူစင်ခြင်း သဘော (အလုံးစုံ ထက်ဝန်းကျင် ကြည်လင် သန့်ရှင်း စင်ကြယ်သော သဘော) 'ပဏ္ဍရ' လည်း မည်၏၊ ဤရုပ်သည် (ဖဿစသော နာမ်တရားတို့၏ ပေါက်ဖွားရာ) လယ်မြေ 'ခေတ္တ' လည်း မည်၏၊ ဤရုပ်သည် (ဖဿစသော နာမ်တရားတို့၏) မှီရာ တည်ရာ 'ဝတ္ထု' လည်း မည်၏၊ ဤရုပ်သည် (နိဗ္ဗာန်မှ တစ်ဖက်ကမ်းဖြစ်သော ငါ-ငါဟူသော စွဲလမ်းမှု 'သက္ကာယ' ၌ အကျုံးဝင်သဖြင့်) ဤမှာဘက်ကမ်း 'သြရိမ တီရ' လည်း မည်၏၊ ဤရုပ်သည် (သောတဒွါရ၌ ဖြစ်သော စိတ်အများနှင့် ဆက်ဆံခြင်း ရှိ၍ သီးခြားပိုင်ရှင်ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရွာ 'သုညဂါမ' လည်း မည်၏။ ။ ဤသို့ သဘောရှိသော ရုပ်ကို ကြားသိစိတ်ဖြစ်ရာ နားအကြည် 'သောတာယတန' ဟူ၍ ဆိုအပ်၏။ (ဏီ-၆၀၀)

# အာယတနဝိဘင်္ဂ

**ဃာနာယတန**

၁၅၈။ (၃) ထိုအာယတန ၁၂-ပါးတို့တွင် အဘယ်သည် နံ့သိစိတ် 'ဃာနဝိညာဏ်' ဖြစ်ရာ 'ဃာနာယတန' မည်သနည်း။

အကြင် နှာခေါင်းအကြည် 'ဃာန' (ပသာဒ) သည် ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်' လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏ 'ပသာဒ'၊ ကိုယ်ခန္ဓာ 'အတ္တဘော' ၌ အကျုံးဝင်၏ 'အတ္တဘာဝပရိယာပန္န'၊ မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ် (မြင်အပ်သော သဘောမရှိ, မမြင်အပ်) 'အနိဒဿန'၊ ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွ ဖြစ်၏ 'သပ္ပဋိဃ'။

မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့် တကွမဖြစ်သော (မမြင်အပ်သော), ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့်တကွ ဖြစ်သော အကြင် နှာခေါင်းအကြည် 'ဃာန' (ပသာဒ) ဖြင့် မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော), ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့်တကွ ဖြစ်သော အနံ့ 'ဂန္ဓာရုံ' ကို နမ်းလည်း နမ်းခဲ့ပြီ၊ နမ်းလည်း နမ်းဆဲ၊ နမ်းလည်း နမ်းလတ္တံ့၊ နမ်းမူလည်း နမ်းရာ၏။

ဤရုပ်သည် နှာခေါင်းအကြည် 'ဃာန' (ပသာဒ) လည်း မည်၏၊ ဤရုပ်သည် နံ့သိစိတ်ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတန' လည်း မည်၏၊ ဤရုပ်သည် နှာခေါင်းအကြည်ဟူသော သဘော 'ဃာန' ဓာတ်လည်း မည်၏၊ ဤရုပ်သည် နံ့မှု၌ အစိုးရသော နှာခေါင်းအကြည် 'ဃာနိန္ဒြေ' လည်း မည်၏၊ ဤရုပ်သည် ဖြစ်တတ် ပျက်တတ်သော သဘော 'လောက' လည်း မည်၏၊ ဤရုပ်သည် (ဖဿစသော နာမ်တရားတို့၏ ဖြစ်ကြောင်း) တံခါး 'ဒွါရ'လည်း မည်၏၊ ဤရုပ်သည် (ဂန္ဓာရုံကို နမ်းမှု၌ မရောင့်ရဲ ပြည့်နိုင်ခဲသော သဘောကြောင့်) သမုဒ္ဒရာ 'သမုဒ္ဒ'လည်း မည်၏၊ ဤရုပ်သည် ဖြူစင်ခြင်း သဘော (အလုံးစုံ ထက်ဝန်းကျင် ကြည်လင် သန့်ရှင်း စင်ကြယ်သော သဘော) 'ပဏ္ဍရ'လည်း မည်၏၊ ဤရုပ် သည် (ဖဿစသော နာမ်တရားတို့၏ ပေါက်ဖွားရာ) လယ်မြေ 'ခေတ္တ'လည်း မည်၏၊ ဤရုပ် သည် (ဖဿစသော နာမ်တရားတို့၏) မှီရာ တည်ရာ 'ဝတ္ထု' လည်း မည်၏၊ ဤရုပ်သည် (နိဗ္ဗာန်မှ တစ်ဖက်ကမ်းဖြစ်သော ငါ-ငါဟူသော စွဲလမ်းမှု 'သက္ကာယ' ၌ အကျုံးဝင်သဖြင့်) ဤမှာဘက်ကမ်း 'ဩရိမတီရ' လည်း မည်၏၊ ဤရုပ်သည် (ဃာနဒွါရ၌ ဖြစ်သော စိတ်အများနှင့် ဆက်ဆံခြင်းရှိ၍ သီးခြားပိုင်ရှင် ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရွာ 'သုညဂါမ' လည်း မည်၏။ ။ ဤသို့ သဘောရှိသော ရုပ်ကို နံ့သိစိတ် 'ဃာနဝိညာဏ်' ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတန' ဟူ၍ ဆိုအပ်၏။ (ဏီ-၆၀၄)

# အာယတနဝိဘင်္ဂ

## ဇိဝှါယတန

၁၅၉။ (၄) ထို အာယတန ၁၂-ပါးတို့တွင် အဘယ်သည် လျက်သိစိတ် 'ဇိဝှါဝိညာဏ်' ဖြစ်ရာ 'ဇိဝှါယတန' မည်သနည်း။

အကြင် လျှာအကြည် 'ဇိဝှါ' (ပသာဒ) သည် ကြီးကျယ် ထင်ရှားသော မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏ 'ပသာဒ'၊ ကိုယ်ခန္ဓာ 'အတ္တဘော' ၌ အကျုံးဝင်၏ 'အတ္တဘာဝပရိယာပန္န'၊ မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ် (မြင်အပ်သော သဘောမရှိ, မမြင်အပ်) 'အနိဒဿန'၊ ထိပါးတတ် သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွ ဖြစ်၏ 'သပ္ပဋိဃ'။

မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့် တကွမဖြစ်သော (မမြင်အပ်သော), ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွဖြစ်သော အကြင် လျှာအကြည် 'ဇိဝှါ' (ပသာဒ) ဖြင့် မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော), ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့် တကွဖြစ်သော အရသာ 'ရသာရုံ' ကို လျက်လည်း လျက်ခဲ့ပြီ၊ လျက်လည်း လျက်ဆဲ၊ လျက်လည်း လျက်လတ္တံ့၊ လျက်မူလည်း လျက်ရာ၏။ ဤရုပ်သည် လျှာအကြည် 'ဇိဝှါ' (ပသာဒ) လည်း မည်၏၊ ဤရုပ်သည် လျက်သိစိတ် 'ဇိဝှါဝိညာဏ်' ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတန' လည်း မည်၏၊ ဤရုပ်သည် လျှာအကြည် ဟူသော သဘော 'ဇိဝှါဓာတ်'လည်း မည်၏၊ ဤရုပ်သည် လျက်မှု၌ အစိုးရသော လျှာအကြည် 'ဇိဝှိန္ဒြေ' လည်း မည်၏၊ ဤရုပ်သည် ဖြစ်တတ် ပျက်တတ်သော သဘော 'လောက'လည်း မည်၏၊ ဤရုပ်သည် (ဖဿစသော နာမ်တရားတို့၏ ဖြစ်ကြောင်း) တံခါး 'ဒွါရ' လည်း မည်၏၊ ဤရုပ်သည် (ရသာရုံကို လျက်မှု၌ မရောင့်ရဲ ပြည့်နိုင်ခဲသော သဘောကြောင့်) သမုဒ္ဒရာ 'သမုဒ္ဒ' လည်း မည်၏၊ ဤရုပ်သည် ဖြူစင်ခြင်းသဘော (အလုံးစုံ ထက်ဝန်းကျင် ကြည်လင် သန့်ရှင်း စင်ကြယ်သော သဘော) 'ပဏ္ဍရ' လည်း မည်၏၊ ဤရုပ်သည် (ဖဿစသော နာမ်တရားတို့၏ ပေါက်ဖွားရာ) လယ်မြေ 'ခေတ္တ' လည်း မည်၏၊ ဤရုပ်သည် (ဖဿစသော နာမ်တရားတို့၏) မှီရာ တည်ရာ 'ဝတ္ထု' လည်း မည်၏၊ ဤရုပ်သည် (နိဗ္ဗာန်မှ တစ်ဘက် ကမ်းဖြစ်သော ငါ-ငါဟူသော စွဲလမ်းမှု 'သက္ကာယ' ၌ အကျုံးဝင်သဖြင့်) ဤမှာဘက် ကမ်း 'ဩရိမတီရ' လည်း မည်၏၊ ဤရုပ်သည် (ဇိဝှါဒွါရ၌ ဖြစ်သော စိတ်အများနှင့် ဆက်ဆံခြင်းရှိ၍ သီးခြားပိုင်ရှင် ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရွာ 'သုညဂါမ' လည်း မည်၏။ ။ ဤသို့ သဘောရှိသော ရုပ်ကို လျက်သိစိတ် 'ဇိဝှါဝိညာဏ်' ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတန' ဟူ၍ ဆိုအပ်၏။ (ဏီ-၆၀၈)

# အာယတနဝိဘင်္ဂ

## ကာယာယတန

၁၆၀။ (၅) ထိုအာယတန ၁၂-ပါးတို့တွင် အဘယ်သည် ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ရာ 'ကာယာယတန' မည်သနည်း။

အကြင် ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ရာ ကိုယ်အကြည် 'ကာယ' (ပသာဒ) သည် ကြီးကျယ်ထင်ရှားသော မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏ 'ပသာဒ'၊ ကိုယ်ခန္ဓာ 'အတ္တဘော' ၌ အကျုံးဝင်၏ 'အတ္တဘာဝပရိယာပန္န'၊ မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ် (မြင်အပ်သောသဘောမရှိ, မမြင်အပ်) 'အနိဒဿန'၊ ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့်တကွ ဖြစ်၏ 'သပ္ပဋိဃ'။ မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော), ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့်တကွ ဖြစ်သော အကြင် ကိုယ်အကြည် 'ကာယ' (ပသာဒ)ဖြင့် မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော), ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့်တကွ ဖြစ်သော အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' ကို ထိပါးလည်း ထိပါးခဲ့ပြီ၊ ထိပါးလည်း ထိပါးဆဲ၊ ထိပါးလည်း ထိပါးလတ္တံ့၊ ထိပါးမှုလည်း ထိပါးရာ၏။ ဤရုပ်သည် ကိုယ်အကြည် 'ကာယ' (ပသာဒ) လည်း မည်၏၊ ဤရုပ်သည် ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန' လည်း မည်၏၊ ဤရုပ်သည် ကိုယ်အကြည်ဟူသော သဘော 'ကာယဓာတ်' လည်း မည်၏၊ ဤရုပ်သည် ထိမှု၌ အစိုးရသော ကိုယ်အကြည် 'ကာယိန္ဒြေ' လည်း မည်၏၊ ဤရုပ်သည် ဖြစ်တတ် ပျက်တတ်သော သဘော 'လောက' လည်း မည်၏၊ ဤရုပ်သည် (ဖဿစသော နာမ်တရားတို့၏ ဖြစ်ကြောင်း) တံခါး 'ဒွါရ' လည်း မည်၏၊ ဤရုပ်သည် (ဖောဋ္ဌဗ္ဗာရုံကို ထိမှု၌ မရောင့်ရဲ ပြည့်နိုင်ခဲသော သဘောကြောင့်) သမုဒ္ဒရာ 'သမုဒ္ဒ' လည်း မည်၏၊ ဤရုပ်သည် ဖြူစင်ခြင်း သဘော (အလုံးစုံ ထက်ဝန်းကျင် ကြည်လင်သန့်ရှင်း စင်ကြယ်သော သဘော) 'ပဏ္ဍရ' လည်း မည်၏၊ ဤရုပ်သည် (ဖဿစသော နာမ်တရားတို့ ပေါက်ဖွားရာ) လယ်မြေ 'ခေတ္တ' လည်း မည်၏၊ ဤရုပ်သည် (ဖဿစသော နာမ်တရားတို့၏) မှီရာ တည်ရာ 'ဝတ္ထု' လည်း မည်၏၊ ဤရုပ်သည် (နိဗ္ဗာန်မှ တစ်ဖက်ကမ်းဖြစ်သော ငါ-ငါဟူသော စွဲလမ်းမှု 'သက္ကာယ' ၌ အကျုံးဝင်သဖြင့်) ဤမှာဘက်ကမ်း 'ဩရိမတီရ' လည်း မည်၏၊ ဤရုပ်သည် (ကာယဒွါရ၌ ဖြစ်သော စိတ်အများနှင့် ဆက်ဆံခြင်းရှိ၍ သီးခြားပိုင်ရှင် ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရွာ 'သုညဂါမ'[၁] လည်း မည်၏။ ။ ဤသို့ သဘောရှိသော ရုပ်ကို ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန' ဟူ၍ ဆိုအပ်၏။ (ဏီ-၆၁၂)

------

၁။ သုညဂါမ-သုညဂါမဟူသည် လူတို့ စွန့်ပစ်ဖဲခွါသွားသည့် ရွာပျက်ကုန်းကြီး ရွာဆိုးကုန်းကြီး ဖြစ်သည်၊ ကြည့်ရှု အုပ်ချုပ်သူ နေထိုင်သူတို့ ကင်းမဲ့သဖြင့် ဆိတ်သုဉ်းသောရွာ 'သုညဂါမ' ဟု ခေါ်သည်၊ ထိုရွာပျက်ကြီးသည် မြွေ, ကျား, ကင်း စသော အယုတ်တမာ သတ္တဝါတို့ ခိုအောင်းရာဖြစ်သည့်ပြင် လူဆိုး သူဆိုး သူခိုး ဓားပြ သူပုန်တို့ စည်းမဲ့ ကမ်းမဲ့ လွတ်လပ်စွာ ထွက်ဝင် ခိုအောင်းရာလည်း ဖြစ်သည်၊ စက္ခုဒွါရ သောတဒွါရစသည်တို့သည်လည်း ကိလေသာ သူပုန်စသည်တို့ ခိုဝင်ပုန်းအောင်းရာ ဖြစ်သည်၊ ထို့ကြောင့် စက္ခုဒွါရ,စသည့် ဒွါရ ၅-ပါးတို့ကို 'သုညဂါမ' ဟု ခေါ်သည် (သဠာယတနသံယုတ် ပါဠိတော်၊ အာသီဝိသောပမသုတ်၊ ၃၈၃။ ၄၊ ၅၂။)

# အာယတနဝိဘင်္ဂ

## ဒုကမူလကနည်း (ဒုကမူ-တိကမူလီ)

## (ဒုက် ၅၂-ခုကို မူတည်၍ တိက် ၂၁-ခုကို မူလီသွင်းသော ဒုကမူလကနည်း)

## ၁ - သဟေတုကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

## (၁) သဟေတုကဒုကမူ-ကုသလတိကမူလီ ၁၀-နည်း

**မနာယတန**[၂]

၁၆၁။ (၆) ထိုအာယတန ၁၂-ပါးတို့တွင် အဘယ်သည် သိမှုစိတ်ဖြစ်ရာ 'မနာယတန' မည်သနည်း။

**ဧကကနည်း။** ။တစ်ပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော မနာယတနတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။ ဟိတ်ရှိသော မနာယတနသည် ရှိ၏၊ ဟိတ်မရှိသော မနာယတနသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။ အပြစ် မရှိမူ၍ ကောင်းကျိုး ချမ်းသာကို ပေးတတ်သောစိတ် 'ကုသိုလ်မနာယတန' သည် ရှိ၏ (ကုသိုလ် စိတ်)၊အပြစ်နှင့်တကွ ဖြစ်၍ မကောင်းကျိုး ဆင်းရဲကို ပေးတတ်သောစိတ် 'အကုသိုလ် မနာယတန' သည် ရှိ၏ (အကုသိုလ်စိတ်)၊ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ' မနာယတနသည် ရှိ၏ (ဝိပါက်, ကြိယာစိတ်များ)။

**စတုက္ကနည်း။** ။လေးပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာကျင်လည်ရာ ဖြစ်သော) 'ကာမာဝစရ' မနာယတနသည် ရှိ၏ (ကာမစိတ်များ)၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ရူပါဝစရ' မနာယတနသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'အရူပါဝစရ' မနာယ တနသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံး မဝင်သော (လောကုတ္တရာ) 'အပရိယာပန္န' မနာယတနသည် ရှိ၏။

**ပဥ္စကနည်း။** ။ငါးပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။ ကိုယ်ချမ်းသာမှု၌ အစိုးတရ ခံစားခြင်း 'သုခိန္ဒြေ' နှင့် ယှဉ်သော မနာယတနသည် ရှိ၏ (သုခသဟဂုတ် ကာယဝိညာဏ်စိတ်)၊ ကိုယ်ဆင်းရဲမှု၌ အစိုးတရ ခံစားခြင်း 'ဒုက္ခိန္ဒြေ' နှင့် ယှဉ်သော မနာယတနသည် ရှိ၏ (ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်)၊ စိတ်ချမ်းသာမှု၌ အစိုးတရ ခံစားခြင်း 'သောမနဿိန္ဒြေ' နှင့် ယှဉ်သော မနာယတနသည် ရှိ၏ (သောမနဿ သဟဂုတ်စိတ် ၆၂-ပါး)၊ စိတ်မချမ်းသာမှု (စိတ်နှလုံးမသာယာမှု၌) အစိုးတရ ခံစားခြင်း 'ဒေါမနဿိန္ဒြေ' နှင့် ယှဉ်သော မနာယတနသည် ရှိ၏ (ဒေါသမူဒွေး)၊ လျစ်လျူရှုမှု၌ အစိုးတရ ခံစားခြင်း 'ဥပေက္ခိန္ဒြေ' နှင့် ယှဉ်သော မနာယတနသည် ရှိ၏ (ဥပေက္ခာသဟဂုတ် ၅၅-ပါး)။

**ဆက္ကနည်း။** ။ခြောက်ပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။ မြင်သိစိတ် 'စက္ခုဝိညာဏ်'၊ ကြားသိစိတ် 'သောတဝိညာဏ်'၊ နံသိစိတ် 'ဃာနဝိညာဏ်'၊ လျက် သိစိတ် 'ဇိဝှါဝိညာဏ်'၊ ထိသိစိတ် 'ကာယဝိညာဏ်'၊ ကြံသိစိတ် 'မနောဝိညာဏ်' သည် ရှိ၏။ ။ ဤသို့ ခြောက်ပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။

**သတ္တကနည်း။** ။ခုနစ်ပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။ မြင်သိစိတ် 'စက္ခုဝိညာဏ်'၊ ကြားသိစိတ် 'သောတဝိညာဏ်'၊ နံသိစိတ် 'ဃာနဝိညာဏ်'၊ လျက် သိစိတ် 'ဇိဝှါဝိညာဏ်'၊ ထိသိစိတ် 'ကာယဝိညာဏ်'၊ (အာရုံငါးပါးကို) သိကာမျှ သဘော 'မနောဓာတ်' (ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုန်းဒွေ)၊ (အာရုံခြောက်ပါးကို) အထူးသိမှု သဘော 'မနောဝိညာဏဓာတ်' သည် ရှိ၏။ ။ ဤသို့ ခုနစ်ပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။

**အဋ္ဌကနည်း။** ။ရှစ်ပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။ မြင်သိစိတ် 'စက္ခုဝိညာဏ်' သည် ရှိ၏၊ ကြားသိစိတ် 'သောတဝိညာဏ်' သည် ရှိ၏၊ နံသိစိတ် 'ဃာနဝိညာဏ်' သည် ရှိ၏၊ လျက် သိစိတ် 'ဇိဝှါဝိညာဏ်' သည် ရှိ၏၊ ချမ်းသာခံစားမှု 'သုခဝေဒနာ' နှင့်တကွဖြစ်သော ထိသိစိတ် 'ကာယဝိညာဏ်' သည် ရှိ၏၊ ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ' နှင့်တကွ ဖြစ်သော ထိသိစိတ် 'ကာယဝိညာဏ်' သည် ရှိ၏၊ ၊ (အာရုံငါးပါးကို) သိကာမျှသဘော 'မနောဓာတ်' သည် ရှိ၏၊ (အာရုံခြောက်ပါးကို) အထူးသိမှု သဘော 'မနောဝိညာဏဓာတ်' သည် ရှိ၏။ ။ ဤသို့ ရှစ်ပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။

**နဝကနည်း။** ။ကိုးပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။ မြင်သိစိတ် 'စက္ခုဝိညာဏ်' သည် ရှိ၏၊ ကြားသိစိတ် 'သောတဝိညာဏ်' သည် ရှိ၏၊ နံသိစိတ် 'ဃာနဝိညာဏ်' သည် ရှိ၏၊ လျက်သိစိတ် 'ဇိဝှါဝိညာဏ်' သည် ရှိ၏၊ ထိသိစိတ် 'ကာယဝိညာဏ်' သည် ရှိ၏၊ (အာရုံငါးပါးကို) သိကာမျှ သဘော 'မနောဓာတ်' သည် ရှိ၏၊ ကုသိုလ် မနောဝိညာဏဓာတ်သည် ရှိ၏။ အကုသိုလ် မနောဝိညာဏဓာတ်သည် ရှိ၏။ အဗျာကတမနောဝိညာဏဓာတ်သည် ရှိ၏။ ။ ဤသို့ ကိုးပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။

**ဒသကနည်း။** ။ ဆယ်ပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။ မြင်သိစိတ် 'စက္ခုဝိညာဏ်' သည် ရှိ၏၊ ကြားသိစိတ် 'သောတဝိညာဏ်' သည် ရှိ၏၊ နံသိစိတ် 'ဃာနဝိညာဏ်' သည် ရှိ၏၊ လျက် သိစိတ် 'ဇိဝှါဝိညာဏ်' သည် ရှိ၏၊ ချမ်းသာခံစားမှု 'သုခဝေဒနာ' နှင့်တကွဖြစ်သော ထိသိစိတ် 'ကာယဝိညာဏ်' သည် ရှိ၏၊ ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ' နှင့်တကွဖြစ်သော ထိသိစိတ် 'ကာယဝိညာဏ်' သည် ရှိ၏၊ (အာရုံငါးပါးကို) သိကာမျှသဘော 'မနောဓာတ်' သည် ရှိ၏၊ ကုသိုလ် မနောဝိညာဏဓာတ်သည် ရှိ၏။ အကုသိုလ် မနောဝိညာဏဓာတ်သည် ရှိ၏။ အဗျာကတ မနောဝိညာဏဓာတ်သည် ရှိ၏။ ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။

------

၁-၂။ မနာယတနကို ဟောရာ၌ ခန္ဓဝိဘင်း-ဝိညာဏက္ခန္ဓာကို ဟောသကဲ့သို့ (၁) ဒုက် ၅၂-ကို မူထား၍ တိက် ၂၁-ခုကို မူလီသွင်း၍ ဟောသော ဒုကမူလကနည်း ၁၀၉၂-နည်း၊ (၂) တိကမူလကနည်း ၁၀၉၂-နည်း၊ (၃) ဥဘတောဝဍ္ဎ ကနည်း ၂၁-နည်း၊ (၄) သတ္တကနည်း ၂၁-နည်း၊ (၅) စတုဝီသတိဝိဓနည်း ၂၁-နည်း၊ (၆) တိံသဝိဓနည်း၊ (၇) ဗဟုဝိဓနည်း ၂၁-နည်း (အားလုံး မနာယတနပေါင်း ၁၂၉၄၄-ပါး) အားဖြင့် ဟောရမည်။ ဤနေရာ၌ အမြွက်မျှသာ ဟောကြားထားသည်၊ [ခန္ဓဝိဘင်းဝိညာဏက္ခန္ဓာ ကြည့်]

# အာယတနဝိဘင်္ဂ

## (၂) သဟေတုကဒုကမူ - ဝေဒနာတိကမူလီ ၁၀-နည်း

### ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန ဓမ္မာယတန (၅)မျိုး

(ဝေဒနာက္ခန္ဓာ ဓမ္မာယတန, သညာက္ခန္ဓာ ဓမ္မာယတန, သင်္ခါရက္ခန္ဓာ ဓမ္မာယတန,

သုခုမရုပ် ဓမ္မာယတန, နိဗ္ဗာန် ဓမ္မာယတန)

**ဧကကနည်း။** ။တစ်ပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော မနာယတနတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။ ဟိတ်ရှိသော မနာယတနသည် ရှိ၏၊ ဟိတ်မရှိသော မနာယတနသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။ သုခဝေဒနာနှင့် ယှဉ်သော မနာယတနသည် ရှိ၏၊ ဒုက္ခဝေဒနာနှင့် ယှဉ်သော မနာယတနသည် ရှိ၏၊ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော မနာယတနသည် ရှိ၏။ပ။ ° ဤသို့ များသောအပြားအားဖြင့် မနာယတနသည် ဖြစ်၏။

ဤပြဆိုခဲ့ပြီးသော သဘောကို မနာယတနဟု ဆိုအပ်၏။

# အာယတနဝိဘင်္ဂ

## ရူပါယတန

၁၆၂။ (၇) ထိုအာယတန ၁၂-ပါးတို့တွင် အဘယ်သည် မြင်သိစိတ် ‘စက္ခုဝိညာဏ်’ ဖြစ်ကြောင်း အဆင်း ‘ရူပါယတန’ မည်သနည်း။

ကြီးကျယ်ထင်ရှားသော ‘မဟာဘုတ်’ လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွ ဖြစ်သော (မြင်အပ်သော) ‘သနိဒဿန’, ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွ ‘သပ္ပဋိဃ’ ဖြစ်သော အဆင်းအရောင်ဟူသော အကြင် အဆင်း (ရူပါရုံ)ကား-အညို ‘နီလ’၊ အရွှေ (အဝါနု) ‘ပီတက’၊ အနီ ‘လောဟိတက’၊ အဖြူ ‘ဩဒါတ’၊ အမည်း (အနက်) ‘ကာဠက’၊ အမောင်း (နီညိုရောင်) ‘မဉ္ဇိဋ္ဌက’၊ အဝါရင့် ‘ဟရိ’၊ အစိမ်းရင့်ရောင် ‘ဟရိဝဏ္ဏ’၊ သရက်ညွန့် အဆင်းရောင် (အစိမ်းနု) ‘အမ္ဗင်္ကုရဝဏ္ဏ’၊ အရှည် ‘ဒီဃ’၊ အတို ‘ရဿ’၊ အငယ် ‘အဏု’၊ အကြီး ‘ထူလ’၊ (လုံးဝန်းသည် သဏ္ဌာန်) အဝန်းအဝိုင်း ‘ဝဋ္ဋ’၊ (ကြက်ဥသဏ္ဌာန်) အလုံး ‘ပရိမဏ္ဍလ’၊ လေးမြှောင့် ‘စတုရဿ’၊ ခြောက်မြှောင့် ‘ဆဠံသ’၊ ရှစ်မြှောင့် ‘အဋ္ဌံသ’၊ တစ်ဆယ့်ခြောက်မြှောင့် ‘သောဠသံသ’၊ အနိမ့်အရှိုင်း ‘နိန္န’၊ အမြင့်အမောက် ‘ထလ’၊ အရိပ် ‘ဆာယာ’၊ နေပူ ‘အာတပ’၊ အလင်းရောင် ‘အာလောက’၊ အမိုက်မှောင် ‘အန္ဓကာရ’၊ တိမ်တိုက် ‘အဗ္ဘာ’၊ ဆီးနှင်း ‘မဟိကာ’၊ အခိုး ‘ဓူမ’၊ မြူ ‘ရဇ’၊ လဝန်း၏ အဆင်းအရောင်၊ နေဝန်း၏ အဆင်းအရောင်၊ ကြယ်(တာရာ) အပေါင်းတို့၏ အဆင်းအရောင်၊ ကြေးမုံ (မှန်) ဝန်း၏ အဆင်းအရောင်၊ ပတ္တမြား ‘မဏိ’၊ ခရုသင်း ‘သင်္ခ’၊ ပုလဲ ‘မုတ္တာ’၊ ဝါးအဆင်း ရှိသော ဝေဠုရိယ ကြောင်မျက်ရွဲ (မြ) ၏ အဆင်းအရောင်၊ ရွှေငွေ၏ အဆင်းအရောင်သည် (ရှိ၏)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော အဆင်း ‘ရူပါရုံ’ တို့မှ) တစ်မျိုးတစ်ခြားဖြစ်သော ကြီးကျယ်ထင်ရှားသည့် ‘မဟာဘုတ်’ လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွ ဖြစ်သော (မြင်အပ်သော) ‘သနိဒဿန’, ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွဖြစ်သော ‘သပ္ပဋိဃ’ အဆင်းအရောင်ဟူသော အကြင်အဆင်း ရူပါရုံသည်လည်း ရှိသေး၏။

မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွဖြစ်သော (မြင်အပ်သော) ‘သနိဒဿန’, ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွ ‘သပ္ပဋိဃ’ ဖြစ်သော အဆင်းအရောင် ဟူသော အကြင် အဆင်း (ရူပါရုံ) ကို မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင် အပ်သော) ‘အနိဒဿန’, ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွ ဖြစ်သော ‘သပ္ပဋိဃ’ မျက်စိ အကြည် ‘စက္ခုပသာဒ’ ဖြင့် မြင်လည်း မြင်ခဲ့ပြီ၊ မြင်လည်း မြင်ဆဲ၊ မြင်လည်း မြင်လတ္တံ့၊ မြင်မူလည်း မြင်ရာ၏။ ဤရုပ်သည် အဆင်း ‘ရူပါရုံ’ မည်၏၊ ဤရုပ်သည် မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း ‘ရူပါယတန’ လည်း မည်၏၊ ဤရုပ်သည် အဆင်း (ရူပါရုံ) ဟူသော သဘော ‘ရူပဓာတ်’ လည်း မည်၏၊ ဤဆိုအပ်ခဲ့ပြီးသော အဆင်း ‘ရူပါရုံ’ ကို မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း ‘ရူပါယတန’ ဟူ၍ ဆိုအပ်၏။ (ဏီ-၆၁၆)

# အာယတနဝိဘင်္ဂ

**သဒ္ဒါယတန**

၁၆၃။ (၈) ထိုအာယတန ၁၂-ပါးတို့တွင် အဘယ်သည် ကြားသိစိတ် 'သောတဝိညာဏ်' ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန' မည်သနည်း။

ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်' လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့် တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွ ဖြစ်သော 'သပ္ပဋိဃ' အကြင် အသံ (သဒ္ဒါရုံ) သည် စည်ကြီးသံ 'ဘေရိသဒ္ဒ'၊ မုရိုးစည်သံ 'မုဒိင်္ဂသဒ္ဒ'၊ ခရုသင်းသံ 'သင်္ခသဒ္ဒ'၊ ထက်စည်သံ 'ပဏဝသဒ္ဒ'၊ သီချင်းသံ 'ဂီတသဒ္ဒ'၊ တီးမှုတ်သံ 'ဝါဒိတသဒ္ဒ'၊ မောင်း ကြေးနင်း ခွက်ခွင်းသံ 'သမ္မ သဒ္ဒ'၊ လက်သံ (လက်ခုပ်တီးသံ) 'ပါဏိသဒ္ဒ'၊ သတ္တဝါတို့၏ ကြွေးကြော်သံ 'နိဂ္ဃောသသဒ္ဒ'၊ (မိုးချုန်းသံ, လျှော်တော်လည်းသံ စသော) သဘာဝ(ဓာတ်)တို့၏ (အချင်းချင်း) ထိခိုက်သောအသံ 'သန္နိဃာတသဒ္ဒ'၊ လေသံ (လေတိုက်သော အသံ) 'ဝါတသဒ္ဒ'၊ ရေသံ (ရေစီးသံ, ရေလှိုင်းသံ) 'ဥဒကသဒ္ဒ'၊ လူသံ 'မနုဿသဒ္ဒ'၊ လူသံမှ တပါးသော အသံ 'အမနုဿသဒ္ဒ' သည် (ရှိ၏)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော အသံ 'သဒ္ဒါရုံ' တို့မှ) တစ်မျိုးတစ်ခြားဖြစ်သော ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်' လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော), 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွဖြစ်သော အကြင် အသံ (သဒ္ဒါရုံ) သည်လည်း ရှိသေး၏ ᒧ ။

မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့်တကွဖြစ်သော အကြင် အသံ (သဒ္ဒါရုံ)ကို မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွ 'သပ္ပဋိဃ' ဖြစ်သော နားအကြည် 'သောတ' (ပသာဒ) ဖြင့် ကြားလည်း ကြားခဲ့ပြီ၊ ကြားလည်း ကြားဆဲ၊ ကြားလည်း ကြားလတ္တံ့၊ ကြားမူလည်း ကြားရာ၏။

ဤရုပ်သည် အသံ 'သဒ္ဒါရုံ' မည်၏၊ ဤရုပ် သည် ကြားသိစိတ် (သောတဝိညာဏ်) ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန' လည်း မည်၏၊ ဤရုပ်သည် အသံ (သဒ္ဒါရုံ) ဟူသော သဘော 'သဒ္ဒဓာတ်' လည်း မည်၏၊ ဤဆိုအပ်ခဲ့ပြီးသော အသံ 'သဒ္ဒါရုံ' ကို ကြားသိစိတ် (သောတဝိညာဏ်) ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန' ဟူ၍ ဆိုအပ်၏။ (ဏီ-၆၂၀)

# အာယတနဝိဘင်္ဂ

**ဂန္ဓာယတန**

၁၆၄။ (၉) ထိုအာယတန ၁၂-ပါးတို့တွင် အဘယ်သည် နံသိစိတ် 'ဃာနဝိညာဏ်' ဖြစ်ကြောင်းအနံ့ 'ဂန္ဓာယတန' မည်သနည်း။

ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်' လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွ 'သပ္ပဋိဃ' ဖြစ်သော အကြင် အနံ့ ဂန္ဓာရုံသည် အမြစ်နံ့ 'မူလဂန္ဓ'၊ အနှစ်နံ့ 'သာရဂန္ဓ'၊ အခေါက် (အခွံ) နံ့ 'တစ ဂန္ဓ'၊ အရွက်နံ့ 'ပတ္တဂန္ဓ'၊ အပွင့်နံ့ 'ပုပ္ဖဂန္ဓ'၊ အသီးနံ့ 'ဖလဂန္ဓ'၊ စိမ်းရွှေသော အနံ့ 'အာမကဂန္ဓ'၊ သားစိမ်း ငါးစိမ်း သားပုပ် ငါးပုပ် အညှီနံ့ 'ဝိဿဂန္ဓ'၊ ကောင်းသော အလိုရှိအပ်သော အနံ့ 'သုဂန္ဓ'၊ မကောင်းသော အလိုမရှိအပ်သော အနံ့ 'ဒုဂ္ဂန္ဓ' သည် (ရှိ၏)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော အနံ့ 'ဂန္ဓာရုံ' တို့မှ) တစ်မျိုးတစ်ခြားဖြစ်သော ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်' လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့်တကွ 'သပ္ပဋိဃ' ဖြစ်သော အကြင် အနံ့ 'ဂန္ဓာရုံ' သည်လည်း ရှိသေး၏။

မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွ 'သပ္ပဋိဃ' ဖြစ်သော အကြင် အနံ့ (ဂန္ဓာရုံ) ကို မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွ 'သပ္ပဋိဃ' ဖြစ်သော နှာခေါင်းအကြည် 'ဃာန' (ပသာဒ) ဖြင့် နမ်းလည်း နမ်းခဲ့ပြီ၊ နမ်းလည်း နမ်းဆဲ၊ နမ်းလည်း နမ်းလတ္တံ့၊ နမ်းမူလည်း နမ်းရာ၏။ ဤရုပ်သည် အနံ့ 'ဂန္ဓာရုံ' လည်း မည်၏၊ ဤရုပ်သည် နံသိစိတ် (ဃာနဝိညာဏ်) ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန' လည်း မည်၏၊ ဤရုပ်သည် အနံ့ (ဂန္ဓာရုံ) ဟူသော သဘော 'ဂန္ဓဓာတ်' လည်း မည်၏၊ ဤဆိုအပ်ခဲ့ပြီးသော အနံ့ 'ဂန္ဓာရုံ' ကို နံသိစိတ် (ဃာနဝိညာဏ်) ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန' ဟူ၍ ဆိုအပ်၏။ (ဏီ-၆၂၄)

# အာယတနဝိဘင်္ဂ

**ရသာယတန**

၁၆၅။ (၁၀) ထိုအာယတန ၁၂-ပါးတို့တွင် အဘယ်သည် လျက်သိစိတ် 'ဇိဝှါဝိညာဏ်' ဖြစ်ကြောင်း အရသာ 'ရသာယတန' မည်သနည်း။

ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်' လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း)နှင့် တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွ 'သပ္ပဋိဃ' ဖြစ်သော အကြင်အရသာ (ရသာရုံ) သည် အမြစ်အရသာ 'မူလရသ'၊ ပင်စည် အရသာ 'ခန္ဓရသ'၊ အခေါက် (အခွံ) အရသာ 'တစရသ'၊ အရွက်အရသာ 'ပတ္တရသ'၊ အပွင့်အရသာ 'ပုပ္ဖရသ'၊ အသီး အရသာ 'ဖလရသ'၊ အချဉ် 'အမ္ဗိလ'၊ အချိုးအမြိန် 'မဓုရ'၊ အခါး 'တိတ္တက'၊ အစပ် 'ကဋုက'၊ ဆား အငန် 'လောဏိက'၊ ဆပ်ပြာအငန် 'ခါရိက'၊ စူးရှသော အချဉ် 'လမ္ဗိက'၊ အဖန် 'ကသာဝ'၊ သာယာဖွယ် (ကောင်းသော) အရသာ 'သာဒု'၊ မသာယာဖွယ် (မကောင်းသော) အရသာ 'အသာဒု'သည် (ရှိ၏)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော အရသာ 'ရသာရုံ' တို့မှ) တစ်မျိုးတစ်ခြားဖြစ်သော ကြီးကျယ်ထင်ရှား သော 'မဟာဘုတ်' လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင် အပ်သော), 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွ 'သပ္ပဋိဃ' ဖြစ်သော အကြင် အရသာ (ရသာရုံ) သည်လည်း ရှိသေး၏။

မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါး တတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွ 'သပ္ပဋိဃ' ဖြစ်သော အကြင်အရသာ (ရသာရုံ) ကို မြင်အပ် သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွ 'သပ္ပဋိဃ' ဖြစ်သော လျှာအကြည် 'ဇိဝှါ' (ပသာဒ) ဖြင့် လျက်လည်း လျက်ခဲ့ပြီ၊ လျက်လည်း လျက်ဆဲ၊ လျက်လည်း လျက်လတ္တံ့၊ လျက်မူလည်း လျက်ရာ၏။

ဤရုပ်သည် အရသာ 'ရသာရုံ' လည်း မည်၏၊ ဤရုပ်သည် လျက်သိစိတ် (ဇိဝှါဝိညာဏ်) ဖြစ် ကြောင်း အရသာ 'ရသာယတန' လည်း မည်၏၊ ဤရုပ်သည် အရသာ (ရသာရုံ)ဟူသော သဘော 'ရသ ဓာတ်' လည်း မည်၏၊ ဤဆိုအပ်ခဲ့ပြီးသော အရသာ 'ရသာရုံ' ကို လျက်သိစိတ် (ဇိဝှါဝိညာဏ်) ဖြစ် ကြောင်း အရသာ 'ရသာယတန' ဟူ၍ ဆိုအပ်၏။ (ဏီ-၆၂၈)

# အာယတနဝိဘင်္ဂ

**ဖောဋ္ဌဗ္ဗာယတန**

၁၆၆။ (၁၁)ထိုအာယတန ၁၂-ပါးတို့တွင် အဘယ်သည် ထိသိစိတ် 'ကာယ ဝိညာဏ်' ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' မည်သနည်း။

မြေဟူသော သဘော (ခက်မာခြင်းသဘော) 'ပထဝီဓာတ်'၊ မီးဟူသော သဘော (ရင့်ကျက်စေခြင်း သဘော) 'တေဇောဓာတ်'၊ လေဟူသော သဘော (ထောက်ကန်လှုပ်ရှားခြင်းသဘော) 'ဝါယောဓာတ်'၊ ခက်မာခြင်းသဘော 'ကက္ခဠ'၊ နူးညံ့ခြင်းသဘော 'မုဒုက'၊ သိမ်မွေ့ခြင်း သဘော 'သဏှ'၊ ကြမ်းတမ်းခြင်း သဘော 'ဖရုသ'၊ ချမ်းသာသော အတွေ့ 'သုခသမ္ဖဿ'၊ ဆင်းရဲသော အတွေ့ 'ဒုက္ခသမ္ဖဿ'၊ လေးသော သဘော 'ဂရုက'၊ ပေါ့သော သဘော 'လဟုက' သည် ရှိ၏။

မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန'၊ ထိပါး တတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွ 'သပ္ပဋိဃ' ဖြစ်သော အကြင်အတွေ့ (ဖောဋ္ဌဗ္ဗာရုံ) ကို မြင် အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန'၊ ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွ 'သပ္ပဋိဃ' ဖြစ်သော ကိုယ်အကြည် 'ကာယ' (ပသာဒ) ဖြင့် ထိပါးလည်း ထိပါးခဲ့ပြီ၊ ထိပါးလည်း ထိပါးဆဲ၊ ထိပါးလည်း ထိပါးလတ္တံ့၊ ထိပါးမူလည်း ထိပါးရာ၏။

ဤရုပ်သည် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'လည်း မည်၏၊ ဤရုပ်သည် ထိသိစိတ် ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' လည်း မည်၏၊ ဤရုပ်သည် အတွေ့ (ဖောဋ္ဌဗ္ဗာရုံ) ဟူသော သဘော 'ဖောဋ္ဌဗ္ဗဓာတ်' လည်း မည်၏၊ ဤဆိုခဲ့ပြီးသော အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' ကို ထိသိစိတ် ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာ ယတန' ဟူ၍ ဆိုအပ်၏။ (ဏီ-၆၄၇)

# အာယတနဝိဘင်္ဂ

**ဓမ္မာယတန**[၇] **၅-မျိုး**

၁၆၇။ (၁၂) ထိုအာယတန ၁၂-ပါးတို့တွင် အဘယ်သည် သိမှုစိတ် ဖြစ်ရာ ဖြစ်ကြောင်း 'ဓမ္မာယတန' မည်သနည်း။

ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု သညာက္ခန္ဓာ'၊ ပြုပြင်စီရင်မှုအစု 'သင်္ခါရက္ခန္ဓာ' (တည်းဟူသော နာမ်ခန္ဓာသုံးပါး) သည် လည်းကောင်း၊ မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွ မဖြစ်သော 'အပ္ပဋိဃ', သိမှုစိတ်ဖြစ်ရာ ဖြစ်ကြောင်း 'ဓမ္မာယတန' ၌ အကျုံးဝင်သော အကြင် (သုခုမရုပ်သောဋ္ဌသ) ရုပ်သည် လည်းကောင်း၊ အကြောင်းတရား လေးပါးတို့သည် မပြုပြင်အပ်သော သဘော 'အသင်္ခတဓာတ် (နိဗ္ဗာန်) သည် လည်းကောင်း ရှိ၏။ (ဤတရားတို့ကို သိမှုစိတ်ဖြစ်ရာ ဖြစ်ကြောင်း 'ဓမ္မာယတန' ဟု ဆိုအပ်၏။)

**ဝေဒနာက္ခန္ဓာ ဓမ္မာယတန။** ။ ထိုဓမ္မာယတန ၅-မျိုးတို့တွင် အဘယ်သည် ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ' မည်သနည်း။

**ဧကကနည်း။** ။တစ်ပါးပြားသော နည်းအားဖြင့် ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'သည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်ရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဟိတ် မရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ အပြစ်မရှိမူ၍ ကောင်းကျိုး ချမ်းသာကို ပေးတတ်သော ခံစားမှုအစု 'ကုသိုလ်ဝေဒနာက္ခန္ဓာ'သည် ရှိ၏၊ အပြစ်နှင့်တကွ ဖြစ်၍ မကောင်းကျိုး ဆင်းရဲကို ပေးတတ်သော ခံစားမှုအစု 'အကုသိုလ်ဝေဒနာက္ခန္ဓာ' သည် ရှိ၏၊ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော ခံစားမှုအစု 'အဗျာကတဝေဒနာက္ခန္ဓာ' သည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ပ။[၈] ဤသို့ များသော အပြားအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ဤဆိုခဲ့ပြီးသော ဝေဒနာကို ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ' ဟု ဆိုအပ်၏။

**သညာက္ခန္ဓာဓမ္မာယတန။** ။ထိုဓမ္မာယတန ၅-မျိုးတို့တွင် အဘယ်သည် မှတ်သားမှုအစု 'သညာက္ခန္ဓာ' မည်သနည်း။

**ဧကကနည်း။** ။တစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်ရှိသော သညာက္ခန္ဓာသည် ရှိ၏၊ ဟိတ် မရှိသော သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။ သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ကုသိုလ် သညာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် သညာက္ခန္ဓာသည် ရှိ၏၊ အဗျာကတသညာက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ပ။[၉] ဤသို့ များသော အပြားအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

ဤဆိုခဲ့ပြီးသော သညာကို မှတ်သားမှုအစု 'သညာက္ခန္ဓာ' ဟု ဆိုအပ်၏။

**သင်္ခါရက္ခန္ဓာဓမ္မာယတန။** ။ထိုဓမ္မာယတန ၅-မျိုးတို့တွင် အဘယ်သည် ပြုပြင်စီရင်မှုအစု 'သင်္ခါရက္ခန္ဓာ' မည်သနည်း။

**ဧကကနည်း။** ။တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်မည်သော သင်္ခါရက္ခန္ဓာ သည်ရှိ၏၊ ဟိတ် မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ ကုသိုလ် သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အဗျာကတ သင်္ခါရက္ခန္ဓာ[၄]သည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ပ။ ဤသို့ များသော အပြားအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

ဤဆိုခဲ့ပြီးသော သဘောကို ပြုပြင်စီရင်မှုအစု 'သင်္ခါရက္ခန္ဓာ' ဟု ဆိုအပ်၏။

**သုခုမရုပ် ဓမ္မာယတန။** ။ ထိုဓမ္မာယတန ၅-မျိုးတို့တွင် အဘယ်သည် မြင်အပ်သော သဘောနှင့် ထိပါးတတ်သော သဘော မရှိသည့် ဓမ္မာယတန၌ အကျုံးဝင်သော ရုပ် မည်သနည်း။

မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှုသဘော 'ဣတ္ထိန္ဒြေ'၊ ယောကျ်ား (အထီး, အဖို) ဖြစ်ကြောင်း၌ အစိုးရမှုသဘော 'ပုရိသိန္ဒြေ'။ပ။ ကဗဠီကာရ အာဟာရရုပ်သည် ရှိ၏၊ ဤဆိုခဲ့ပြီးသော ရုပ် ၁၆-ပါးကို မြင်အပ်သော သဘောနှင့် ထိပါးတတ်သော သဘောမရှိသည့် ဓမ္မာယတန၌ အကျုံးဝင်သော (သုခုမ) ရုပ်ဟု ဆိုအပ်၏။

**နိဗ္ဗာန် ဓမ္မာယတန။** ။ ထိုဓမ္မာယတန ၅-မျိုးတို့တွင် အဘယ်သည် အကြောင်းတရား လေးပါးတို့သည် မပြုပြင်အပ်သော သဘော 'အသင်္ခတဓာတ်' မည်သနည်း။

တပ်မက်မှု 'ရာဂ'၏ ကုန်ရာကုန်ကြောင်း၊ ဖျက်ဆီးပြစ်မှားမှု 'ဒေါသ' ၏ ကုန်ရာကုန်ကြောင်း၊ အမှန်သဘောကို မသိမှု 'မောဟ' ၏ ကုန်ရာကုန်ကြောင်းသည် ရှိ၏၊ ဤဆိုခဲ့ပြီးသော သဘောကို အကြောင်းတရားလေးပါးတို့သည် မပြုပြင်အပ်သော 'အသင်္ခတဓာတ်' (နိဗ္ဗာန်) ဟု ဆိုအပ်၏။

ဤဆိုခဲ့ပြီးသော တရား ၅-မျိုးကို သိမှုစိတ်ဖြစ်ကြောင်း သဘာဝ 'ဓမ္မာယတန' ဟု ဆိုအပ်၏။

**အဘိဓမ္မာနည်းအားဖြင့် ဝေဖန်ဟောကြားအပ်သော 'အဘိဓမ္မဘာဇနီယ' နည်း ပြီး၏။**

------

၁။ ဤမနာယတနကို ဟောရာတွင် တိကမူလကနည်း၊ ဥဘတောဝဍ္ဎကနည်း၊ သတ္တကနည်း၊ စတုဝီသတိဝိဓနည်း၊ တိံသဝိဓနည်း၊ ဗဟုဝိဓနည်းများကို ပေယျာလ လုံးဝချန်ထားခဲ့သည်။ ဒုကမူလကနည်းကိုမူ ဒုက် ၅၂-ခုအနက် 'သဟေတုကဒုကမူ'တစ်ခုကိုသာ အစ ဖော်၍ ပြထားသည်။ အကျယ်သိလိုလျှင် 'ခန္ဓဝိဘင်း-ဝိညာဏက္ခန္ဓာ'ကို ရှုပါလေ။

၂။ ဝါးချင်းကြိတ်သံ, ပုဆိုးမြည်သံ စသည့် အသံများ။

၃။ ဏီ-၁၄၄၊ ၉၈၄။

၄။ဝေဒနာက္ခန္ဓာကို ခန္ဓဝိဘင်းကဲ့သို့ (၁) ဒုကမူလကနည်း (၂) တိကမူလကနည်း (၃) ဥဘတောဝဍ္ဎကနည်း (၄) သတ္တကနည်း (၅) စတုဝီသတိဝိဓနည်း (၆) တိံ သဝိဓနည်း (၇)

ဗဟုဝိဓနည်းတို့ဖြင့် ဟောရမည်၊ သို့သော်လည်း ခန္ဓဝိဘင်းတွင် ဟောခဲ့ပြီးဖြစ်သဖြင့် ပေယျာလချန်ခဲ့သည်။ (ခန္ဓဝိဘင်းစာမျက်နှာ ၇၂ မှ ၁၁၂ အထိကြည့်)

၅။ သညာက္ခန္ဓာကို ခန္ဓဝိဘင်းအတိုင်း ဟောရမည်။ (ခန္ဓဝိဘင်း သညက္ခန္ဓာ ပြန်ကြည့်)

၆။ သင်္ခါရက္ခန္ဓာကို ခန္ဓဝိဘင်းအတိုင်း ဟောရမည် ဖြစ်သည်။ (ခန္ဓဝိဘင်း သင်္ခါရက္ခန္ဓာကြည့်)

# အာယတနဝိဘင်္ဂ

## ၃ - ပဉှာပုစ္ဆက

### အမေး-အဖြေပြု၍ ဟောကြားသောနည်း

### အာယတန (၁၂)ပါး

၁၆၈။ စိတ်စေတသိက်တို့ ဖြစ်ရာဖြစ်ကြောင်း 'အာယတန' တစ်ဆယ့်နှစ်ပါးတို့ကား-

(၁) မြင်သိစိတ် 'စက္ခုဝိညာဏ်' ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။

(၂) မြင်သိစိတ် 'စက္ခုဝိညာဏ်' ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။

(၃) ကြားသိစိတ် 'သောတဝိညာဏ်' ဖြစ်ရာ နားအကြည် 'သောတာယတန'။

(၄) ကြားသိစိတ် 'သောတဝိညာဏ်' ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန'။

(၅) နံသိစိတ် 'ဃာနဝိညာဏ်' ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတန'။

(၆) နံသိစိတ် 'ဃာနဝိညာဏ်' ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'။

(၇) လျက်သိစိတ် 'ဇိဝှါဝိညာဏ်' ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတန'။

(၈) လျက်သိစိတ် 'ဇိဝှါဝိညာဏ်' ဖြစ်ကြောင်း အရသာ 'ရသာယတန'။

(၉) ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'။

(၁၀) ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'။

(၁၁) သိမှုစိတ်ဖြစ်ရာ 'မနာယတန'။

(၁၂) သိမှုစိတ်ဖြစ်ကြောင်း သဘာဝ 'ဓမ္မာယတန' တို့တည်း။ (ဏီ-၅၉၃, ၁၃၄၂)

------

# အာယတနဝိဘင်္ဂ

## အာယတန (၁၂)ပါးတို့ကို တိက်ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာနည်းသက်သက်ကို ပြခြင်း

## ၁ - တိက်(၂၂)ပါးတို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကိုပြခြင်း

### (၁) ကုသလတိက် အမေး ပုစ္ဆာ

၁၆၉။ စိတ်စေတသိက်တို့ ဖြစ်ရာ ဖြစ်ကြောင်း 'အာယတန' တစ်ဆယ့်နှစ်ပါးတို့တွင် အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော 'ကုသိုလ်' အာယ တနတို့သည် အဘယ်မျှ ရှိကုန်သနည်း၊ အပြစ်နှင့်တကွ ဖြစ်၍ မကောင်းကျိုး ဆင်းရဲကို ပေးတတ် သော 'အကုသိုလ်' အာယတနတို့သည် အဘယ်မျှ ရှိကုန်သနည်း၊ ကုသိုလ်, အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ' အာယတနတို့သည် အဘယ်မျှ ရှိကုန်သနည်း။ပ။[၁]

------

၁။ ⁎⁎ ဝေဒနာတိက် အမှတ်-၂ မှ သနိဒဿနတိက် အမှတ်-၂၂ အထိ (တိက် ၂၁-ခု တို့၏ အမေး ပုစ္ဆာများကို) ပေယျာလ ချန်ခဲ့ပြီးလျှင် ဟေတုဒုက် ဒုက်အမှတ်-၁ မှ သဥတ္တရဒုက် ဒုက်အမှတ်-၉၉ အထိ ပေယျာလ လုံးဝချန် ခဲ့သည်။

------

# အာယတနဝိဘင်္ဂ

## ၂ - ဒုက်(၁၀၀)တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

**(၁၀၀) သရဏဒုက်အမေးပုစ္ဆာ။** ။ငိုကြွေးကြောင်း (ရာဂစသောကိလေသာ) ရှိသော 'သရဏ' အာယတနတို့သည် အဘယ်မျှ ရှိကုန်သနည်း၊ ငိုကြွေးကြောင်း (ရာဂစသောကိလေသာ) မရှိသော 'အရဏ' အာယတနတို့သည် အဘယ်မျှ ရှိကုန်သနည်း။[⁎⁎၁]

------

၁။ ⁎⁎ ဟေတုဒုက် ဒုက်အမှတ်- ၁မှ သဥတ္တရဒုက် ဒုက်အမှတ်-၉၉အထိ ပေယျာလ လုံးဝချန်ခဲ့သည်။

# အာယတနဝိဘင်္ဂ

## အာယတန ၁၂-ပါးတို့ကို တိက်ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေ ဝိသဇ္ဇနာကို ပြခြင်း

## ၁ - တိကဝိသဇ္ဇနာ

## (အာယာတန ၁၂-ပါးတို့ကို တိက် ၂၂-ပါးတို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း)

**(၁) ကုသလတိက် အဖြေဝိသဇ္ဇနာ** ၁၇၀။ ရုပ်အာယတန ဆယ်ပါးတို့သည် အဗျာကတ ဖြစ်ကုန်၏ (ပသာဒရုပ် ၅-ပါး၊အာရုံ ၅-ပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ကုသိုလ် ဖြစ်ကုန်၏ (ကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန,ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အကုသိုလ် ဖြစ်ကုန်၏ (အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန,ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အဗျာကတ ဖြစ်ကုန်၏ (ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်)။

**(၂)ဝေဒနာတိက်အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့ကို သုခဝေဒနာနှင့် ယှဉ်ကုန်၏ဟူ၍ လည်းကောင်း၊ ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်၏ဟူ၍ လည်းကောင်း၊ အဒုက္ခမသုခ ဝေဒနာနှင့် ယှဉ်ကုန်၏ ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (ပသာဒရုပ် ၅-ပါး၊ အာရုံ ၅-ပါး)။

အချို့သော မနာယတနသည် သုခဝေဒနာနှင့် ယှဉ်၏ (သုခသဟဂုတ်စိတ် ၆၃-ပါး)၊ အချို့သော မနာယတနသည် ဒုက္ခဝေဒနာနှင့် ယှဉ်၏ (ဒုက္ခသဟဂုတ်ကာယဝိညာဏ်နှင့် ဒေါသမူဒွေး)၊ အချို့သော မနာယတနသည် အဒုက္ခမသုခ ဝေဒနာနှင့် ယှဉ်၏ (ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါး)။

အချို့သော ဓမ္မာယတနသည် သုခဝေဒနာနှင့် ယှဉ်၏ (ဝေဒနာကြဉ်သော သုခသဟဂုတ်စိတ် ၆၃-ပါး၌ ရှိသည့် စေတသိက် ၄၆-ပါး)၊ အချို့သော ဓမ္မာ ယတနသည် ဒုက္ခဝေဒနာနှင့် ယှဉ်၏ (ဝေဒနာကြဉ်သော ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်နှင့် ဒေါသမူဒွေးတို့၌ ရှိသော စေတသိက် ၂၁-ပါး)၊ အချို့သော ဓမ္မာယတနသည် အဒုက္ခမသုခဝေဒနာနှင့် ယှဉ်၏ (ဝေဒနာကြဉ်သော ဥပေက္ခာသဟဂုတ် စိတ် ၅၅-ပါး၌ ရှိသော စေတသိက် ၄၆-ပါး)။

**တိက်မှတ်။** ။ အချို့သော ဓမ္မာယတနကို သုခဝေဒနာနှင့် ယှဉ်၏ဟူ၍ လည်းကောင်း၊ ဒုက္ခဝေဒနာနှင့် ယှဉ်၏ဟူ၍ လည်းကောင်း၊ အဒုက္ခမသုခ ဝေဒနာနှင့် ယှဉ်၏ဟူ၍ လည်းကောင်း မဆိုအပ်ချေ (ဝေဒနာ[၁], သုခုမရုပ်, နိဗ္ဗာန်)။

၁။ ဝေဒနာကို 'ဝေဒနာနှင့် ယှဉ်၏' ဟု မဆိုအပ်ချေ။

**(၃) ဝိပါကတိက်အဖြေဝိသဇ္ဇနာ။** ။ ရုပ်အာယတန ဆယ်ပါးတို့သည် ကုသိုလ် အကုသိုလ်တို့၏ အကျိုး 'ဝိပါက်' လည်း မဟုတ်မူ၍ အကျိုး 'ဝိပါက်' ကို ဖြစ်စေခြင်း သဘော (အကျိုး 'ဝိပါက်' ကို ဖြစ်စေတတ်သော သဘော) ရှိသည်လည်း မဟုတ်ကုန် (ပသာဒရုပ် ၅-ပါး၊ အာရုံ ၅-ပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ကုသိုလ် အကုသိုလ်တို့၏ အကျိုး 'ဝိပါက်' ဖြစ်ကုန်၏ (ဝိပါက်စိတ္တုပ္ပါဒ်)။

အချို့သော (မနာယတန ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အကျိုး 'ဝိပါက်' ကို ဖြစ်စေခြင်း သဘော (အကျိုး 'ဝိပါက်' ကို ဖြစ်စေတတ်သော သဘော) ရှိသော တရား ဖြစ်ကုန်၏ (ကုသိုလ်, အကုသိုလ် စိတ္တုပ္ပါဒ်များ)။

အချို့သော (မနာယတန ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ကုသိုလ်, အကုသိုလ်တို့၏ အကျိုး 'ဝိပါက်' လည်း မဟုတ်မူ၍ အကျိုး 'ဝိပါက်' ကို ဖြစ်စေခြင်း သဘော ရှိသော (အကျိုး 'ဝိပါက်' ကို ဖြစ်စေတတ်သော) တရားလည်း မဟုတ်ကုန် (ကြိယာစိတ္တုပ္ပါဒ်, သုခုမရုပ်, နိဗ္ဗာန်)။

**(၄)ဥပါဒိဏ္ဏတိက် အဖြေ ဝိသဇ္ဇနာ။**

။ (ပသာဒရုပ်) ရုပ်အာယတန ငါးပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်လည်း ဖြစ်၍) ဥပါဒါန်၏ အာရုံလည်း ဖြစ်ကုန်၏ (ကမ္မဇရုပ် ဧကန်ဖြစ်သော ပသာဒရုပ် ငါးပါး)။

အသံ 'သဒ္ဒါယတန' သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်မူ၍) ဥပါဒါန်၏ (တဏှာ, ဒိဋ္ဌိတို့၏) အာရုံသာ ဖြစ်၏။

အချို့သော (အဆင်း 'ရူပ', အနံ့ 'ဂန္ဓ', အရသာ 'ရသ', အတွေ့ 'ဖောဋ္ဌဗ္ဗ') အာယတန လေးပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်လည်း ဖြစ်၍) ဥပါဒါန်၏ အာရုံလည်း ဖြစ်ကုန်၏ (ကမ္မဇရုပ်ကလာပ်၌ ပါသော ရုပ်လေးပါး)။

အချို့သော (ရူပ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ) အာယတနလေးပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့် မဖြစ်မူ၍) ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏ (ကမ္မဇရုပ်မှတစ်ပါး တိဇရုပ်၌ပါသည့် ရုပ်လေးပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်၍ (တဏှာဒိဋ္ဌိတို့ အာရုံပြုသည့် ကံ၏ အကျိုးဝိပါက်လည်း ဖြစ်၍) ဥပါဒါန်၏ အာရုံလည်း ဖြစ်ကုန်၏ (လောကီဝိပါက် စိတ္တုပ္ပါဒ်၊ ကမ္မဇရုပ် ဧကန်ဖြစ်သည့် သုခုမရုပ်များ ဖြစ်သော ဘာဝရုပ် ၂-ပါး, ဇီဝိတရုပ်, ဟဒယရုပ်၊ အနေကန်ဖြစ်သည့် သုခုမရုပ်များဖြစ်သော အာပေါ, အာဟာရ, ပရိစ္ဆေဒရုပ်, လက္ခဏရုပ်)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာ ဒိဋ္ဌိတို့ အာရုံပြုသော ကံ၏ အကျိုးဝိပါက် မဖြစ်မူ၍) ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏ (လောကီကုသိုလ်, အကုသိုလ်, ကြိယာစိတ္တုပ္ပါဒ်များ၊ သုခုမကမ္မဇရုပ် ဧကန် ၄-ပါးကြဉ်သည့် တိဇသုခုမရုပ် ၁၂-ပါး)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံပြုသော ကံကြောင့်လည်း မဖြစ်မူ၍) ဥပါဒါန်၏ အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာ စိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

**(၅) သံကိလိဠ္ဌတိက်အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေတတ်သော 'ကိလေသာ' တို့သည် ပူပန်စေအပ်သည် မဟုတ်မူ၍ (ကိလေသာတို့နှင့် မယှဉ်မူ၍) ကိလေသာ၏ အာရုံသာ ဖြစ်ကုန်၏ (ပသာဒရုပ်၅-ပါးနှင့် အာရုံငါးပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ကိလေသာတို့သည် ပူပန်စေအပ်၍ (ကိလေသာတို့နှင့် ယှဉ်၍) ကိလေသာ၏ အာရုံလည်း ဖြစ်ကုန်၏ (အကုသိုလ်စိတ္တုပ္ပါဒ်)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ကိလေသာတို့သည် ပူပန်စေအပ်သည် မဟုတ်မူ၍ (ကိလေသာတို့နှင့် မယှဉ်မူ၍) ကိလေသာ၏ အာရုံသာ ဖြစ်ကုန်၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ သုခုမရုပ်)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း မဟုတ်မူ၍ (ကိလေသနှင့်လည်း မယှဉ်မူ၍) ကိလေသာ၏ အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

**(၆) ဝိတက်တိက်အဖြေဝိသဇ္ဇနာ။** ။ ရုပ်အာယတနဆယ်ပါးတို့သည် ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိကုန် (ဝိတက် ဝိစာရတို့နှင့် မယှဉ်ကုန်) (ပသာဒရုပ်၅-ပါးနှင့် အာရုံငါးပါး)။

အချို့သော မနာယတနသည် ဝိတက်လည်း ရှိ၍ ဝိစာရလည်း ရှိ၏ (သဝိတက္ကစိတ် ၅၅-ပါး)၊ အချို့သော မနာယတနသည် ဝိတက် မရှိမူ၍ ဝိစာရမျှသာ ရှိ၏ (ဒုတိယဈာန်စိတ် ၁၁-ပါး)၊ အချို့သော မနာယတနသည် ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိချေ။

အချို့သော ဓမ္မာယတနသည် ဝိတက်လည်း ရှိ၍ ဝိစာရလည်း ရှိ၏ (ဝိတက် ဝိစာရကြဉ်သော သဝိတက္ကစိတ် ၅၅-ပါး၌ ရှိသော စေတသိက် ၅၀)၊ အချို့သော ဓမ္မာယတနသည် ဝိတက် မရှိမူ၍ ဝိစာရမျှသာ ရှိ၏ (ဝိစာရကြဉ်သည့် ဒုတိယဈာန်စိတ်၌ရှိသော စေတသိက် ၃၆-ပါး၊ သဝိတက္ကစိတ် ၅၅-ပါး၌ ရှိသော ဝိတက် ၅၅-ပါး)၊ အချို့သော ဓမ္မာယတနသည် ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိ (အဝိတက္က အဝိစာရစိတ်တို့၌ ရှိသော စေတသိက် ၃၆၊ ဒုတိယဈာန် ၁၁-ပါး၌ ရှိသော ဝိစာရ ၁၁-ပါး၊ သုခုမရုပ် ၁၆၊ နိဗ္ဗာန်)။

**တိက်မှတ်။** ။ အချို့သော ဓမ္မာယတနကို ဝိတက်လည်း ရှိ၍ ဝိစာရလည်း ရှိ၏ (ဝိတက် ဝိစာရနှင့် ယှဉ်၏)ဟူ၍ လည်းကောင်း, ဝိတက် မရှိမူ၍ ဝိစာရမျှသာ ရှိ၏ ဟူ၍ လည်းကောင်း, ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိဟူ၍ လည်းကောင်း မဆိုအပ်ချေ (သဝိတက္က သဝိစာရစိတ် ၅၅-ပါး၌ ရှိသော ဝိစာရ ၅၅-ပါး)။ (ဏီ ၁၄၀၁)

**(၇) ပီတိတိက် အဖြေဝိသဇ္ဇနာ။** ။ ရုပ်အာယတနဆယ်ပါးတို့ကို ပီတိနှင့်တကွ ဖြစ်ကုန်၏ဟူ၍လည်းကောင်း (ပီတိနှင့်ယှဉ်ကုန်၏ ဟူ၍ လည်းကောင်း)၊ သုခဝေဒနာ နှင့်တကွ ဖြစ်ကုန်၏ဟူ၍ လည်းကောင်း၊ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (ပသာဒရုပ် ၅-ပါးနှင့် အာရုံငါးပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ပီတိနှင့်တကွ ဖြစ်ကုန်၏ (ပီတိနှင့် ယှဉ်ကုန်၏) (သပ္ပီတိကစိတ် ၅၁-ပါးနှင့် ယှဉ်ဘက် စေတသိက်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏ (သုခသဟဂုတ်စိတ် ၆၃-ပါးနှင့်

ယှဉ်ဘက် စေတသိက်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏ (ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါးနှင့်ယှဉ်ဘက် စေတသိက်များ)။

**တိက်မုတ်။** ။အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို ပီတိနှင့်တကွ ဖြစ်ကုန်၏ ဟူ၍ လည်းကောင်း၊ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏ဟူ၍ လည်းကောင်း၊ ဥပေက္ခာ ဝေဒနာနှင့်တကွ ဖြစ်ကုန်၏ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (ဒေါသမူဒွေစိတ္တုပ္ပါဒ်၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ် စိတ္တုပ္ပါဒ်၊ ပီတိနှင့်မယှဉ်သော သုခသဟဂုတ် ကာယဝိညာဏ်နှင့် စတုတ္ထဈာန် ၁၁-ပါး၌ရှိသော သုခ ဝေဒနာ ၁၂-ပါး၊ ဥပေက္ခာ သဟဂုတ်စိတ် ၅၅-ပါး၌ရှိသော ဥပေက္ခာဝေဒနာ ၅၅-ပါး၊ သုခုမရုပ် ၁၆၊ နိဗ္ဗာန်)။ (ဏီ ၁၄၀၄)

**(၈) ဒဿနတိက် အဖြေဝိသဇ္ဇနာ။** ။ ရုပ်အာယတနဆယ်ပါးတို့သည် (နိဗ္ဗာန်ကို ရှေးဦးစွာမြင်သဖြင့် 'ဒဿန' မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်မူ၍ (သောတာပတ္တိမဂ် မြင်ပြီးသော နိဗ္ဗာန်ကို တစ်ဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ'မည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သည်လည်း မဟုတ်ကုန် (ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို (ဒဿနမည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်၏ (ဒိဋ္ဌိဂတသမ္ပယုတ်, ဝိစိကိစ္ဆာသဟဂုတ်စိတ္တုပ္ပါဒ်)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို (ဘာဝနာမည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်ကုန်၏ (ကြွင်းသော အကုသိုလ်စိတ္တုပ္ပါဒ်များ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်မူ၍ အထက်မဂ် သုံးပါးတို့သည် ပယ်အပ်သည်လည်း မဟုတ်ကုန် (ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်, သုခုမရုပ်, နိဗ္ဗာန်)။

**(၉) ဒဿနဟေတုတိက် အဖြေဝိသဇ္ဇနာ။** ။ ရုပ်အာယတနဆယ်ပါးတို့သည် (ဒဿနမည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်မူ၍ (ဟိတ်နှင့် မယှဉ်မူ၍) (ဘာဝနာမည်သော) အထက်မဂ် သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန် (ပသာဒရုပ် ၅-ပါး၊အာရုံ ၅-ပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိကုန်၏ (ဟိတ်နှင့်ယှဉ်ကုန်၏) (ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်၊ မောဟကြဉ်သည့် ဝိစိကိစ္ဆာစိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အထက်မဂ် သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိကုန်၏ (မောဟကြဉ်သည့် ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပါဒ်နှင့် ကြွင်းသော အကုသိုလ်စိတ္တုပ္ပါဒ်)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ် သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန် (ဟိတ်နှင့်လည်း မယှဉ်ကုန်) (ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ မောဟမူဒွေ၌ မောဟ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၄၁၀)

**(၁၀) အာစယဂါမိတိက် အဖြေဝိသဇ္ဇနာ။** ။ ရုပ်အာယတန ဆယ်ပါးတို့သည် စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက် ကြောင်းလည်းမဟုတ်ကုန် (ပသာဒရုပ် ၅-ပါးနှင့် အာရုံ ၅-ပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် စုတိပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်ကုန်၏ (လောကီကုသိုလ်နှင့် အကုသိုလ် စိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်ကုန်၏ (မဂ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ကုန် (ဝိပါက်နှင့် ကြိယာစိတ္တုပ္ပါဒ်များ၊ သုခုမရုပ် ၁၆-ပါး၊ နိဗ္ဗာန်)။

**(၁၁) သေက္ခတိက် အဖြေဝိသဇ္ဇနာ။** ။ ရုပ်အာယတနဆယ်ပါးတို့သည် (အရဟတ္တဖိုလ်သို့ရောက်ရန်) ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ်ခုနစ်ယောက်တို့၏ ဥစ္စာလည်း မဟုတ်မူ၍ (အရဟတ္တဖိုလ်သို့ ရောက်ပြီး) ကျင့်ပြီး 'အသေက္ခ' (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်ကုန် (ပသာဒရုပ် ၅-ပါးနှင့် အာရုံ ၅-ပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် (အရဟတ္တဖိုလ်သို့ ရောက်ရန်) ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ် ခုနစ်ယောက်တို့၏ ဥစ္စာဖြစ်ကုန်၏ (မဂ်စိတ်လေးပါး၊ အောက်ဖိုလ် ၃-ပါး စိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ကျင့်ပြီး 'အသေက္ခ' (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာ ဖြစ်ကုန်၏ (အရဟတ္တဖိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ် ခုနစ်ယောက်တို့၏ ဥစ္စာလည်း မဟုတ်မူ၍ ကျင့်ပြီး 'အသေက္ခ' (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်ကုန် (လောကီစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်) (ဏီ-၁၄၁၄, ၁၄၁၅, ၁၄၁၆)

**(၁၂) ပရိတ္တတိက် အဖြေဝိသဇ္ဇနာ။** ။ ရုပ်အာယတနဆယ်ပါးတို့သည် နည်းပါးသော တန်ခိုး အာနုဘော် ရှိသော 'ပရိတ္တ' တရား (ကာမတရား) ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် နည်းပါးသော တန်းခိုး အာနုဘော်ရှိသော 'ပရိတ္တ' တရား (ကာမတရား) ဖြစ်ကုန်၏ (ကာမာဝစရ စိတ္တုပ္ပါဒ်များ၊ သုခုမရုပ် ၁၆-ပါး)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ကြီးကျယ် မြင့်မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂတ' တရား ဖြစ်ကုန်၏ (မဟဂ္ဂုတ်စိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် နှိုင်းယှဉ်မှုကို ပြုတတ်သော ကိလေသာတို့၏ ဆန့်ကျင်ဘက် ဖြစ်သော (မနှိုင်းယှဉ်အပ်သော) 'အပ္ပမာဏ' တရား ဖြစ်ကုန်၏ (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

**(၁၃) ပရိတ္တာရမ္မဏတိက် အဖြေဝိသဇ္ဇနာ။** ။ ရုပ်အာယတန ဆယ်ပါးတို့သည် အာရုံပြုခြင်းသဘော မရှိကုန် (အာရုံမပြုတတ်ချေ) (အနာရမ္မဏ) (ပသာဒရုပ်ငါး ပါး၊ အာရုံငါးပါး) ။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ပရိတ္တတရား (ကာမတရား) ကို အာရုံ ပြုကုန်၏၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် မဟဂ္ဂုတ်တရားကို အာရုံ ပြုကုန်၏၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အပ္ပမာဏတရား (လောကုတ္တရာတရား) ကို အာရုံ ပြုကုန်၏။

**တိက်မုတ်။** ။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို ပရိတ္တတရား (ကာမတရား) ကိုအာရုံပြုကုန်၏ဟူ၍ လည်းကောင်း၊ မဟဂ္ဂုတ်တရားကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း၊ အပ္ပမာဏတရား (လောကုတ္တရာတရား) ကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (ပညတ်ကိုကောန် အာရုံပြုသောစိတ်များ = ရူပါဝစရဈာန်စိတ် ၁၅-စိတ္တုပ္ပါဒ်များ၊ အာကာသာနဉ္စာယတနနှင့် အာကိဉ္စညာယတနအရူပစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ ၁၄၂၂)

**(၁၄) ဟီနတိက် အဖြေဝိသဇ္ဇနာ။** ။ ရုပ်အာယတနဆယ်ပါးတို့သည် အလယ်အလတ်ဖြစ်သော 'မဇ္ဈိမ' တရား ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ယုတ်ညံ့သော 'ဟီန' တရား ဖြစ်ကုန်၏ (အကုသိုလ်စိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အလယ်အလတ်ဖြစ်သော 'မဇ္ဈိမ' တရား ဖြစ်ကုန်၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် မြင့်မြတ်သော 'ပဏီတ' တရား ဖြစ်ကုန်၏ (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

**(၁၅) မိစ္ဆတ္တတိက် အဖြေဝိသဇ္ဇနာ။** ။ ရုပ်အာယတန ဆယ်ပါးတို့သည် မိစ္ဆတ္တနိယတ, သမ္မတ္တနိယတ တည်း ဟူသော နှစ်ပါးသော အခြင်းအရာအားဖြင့် အကျိုးပေး မမြဲချေ (အနိယတ) (ပသာဒရုပ် ငါးပါး၊ အာရုံငါးပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဖောက်ပြန်သော သဘောရှိ၍ စုတိ၏ အခြားမဲ့၌ (အပါယ်ငရဲ၌) အကျိုးပေးမြဲသော 'မိစ္ဆတ္တနိယတ' တရား ဖြစ်ကုန်၏ (နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းအားဖြင့် ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ် စိတ်လေးပါးတို့၏ သတ္တမဇောစိတ္တုပ္ပါဒ်နှင့် ပဉ္စာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူဒွေတို့၏ သတ္တမဇောစိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဖောက်ပြန်သော သဘောမရှိမူ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲသော 'သမ္မတ္တနိယတ' တရား ဖြစ်ကုန်၏ (မဂ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် နှစ်ပါးသော အခြင်းအရာအားဖြင့် အကျိုးပေး မမြဲကုန် (အနိယတ) (ကြွင်းသော စိတ္တုပ္ပါဒ်များနှင့် သုခုမရုပ်၊ နိဗ္ဗာန်)။

**(၁၆) မဂ္ဂါရမ္မဏတိက် အဖြေဝိသဇ္ဇနာ။** ။ ရုပ်အာယတနဆယ်ပါးတို့သည် အာရုံပြုခြင်း သဘောမရှိကုန် (အာရုံ မပြုတတ်ချေ) (ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် မဂ်ကို အာရုံပြုကုန်၏ (မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်-ကြိယာဉာဏသမ္ပယုတ်၊ အဘိညာဉ်ဒွေစိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် မဂ်မည်သော အကြောင်းရင်း ဟိတ် (သမ္မာဒိဋ္ဌိမဂ္ဂင်= ပညာ= အမောဟဟိတ်) ရှိကုန်၏ (ဟိတ်နှင့် ယှဉ်ကုန်၏) (အမောဟကြဉ်သည့် မဂ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် မဂ်မည်သော အကြီးအမှူး (သမ္မာဒိဋ္ဌိ= ဝီမံသာဓိပတိ= အမောဟ၊ သမ္မာဝါယာမ= ဝီရိယာဓိပတိ= ဝီရိယ) ရှိကုန်၏ (အဓိပတိတပ်ခိုက် ပညာနှင့် ဝီရိယအသီးအသီးကြဉ်သော မဂ်စိတ္တုပ္ပါဒ်)။

**တိက်မုတ်။** ။အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို မဂ်ကို အာရုံပြုကုန်၏ ဟူ၍ လည်းကောင်း၊ မဂ်မည်သော အကြောင်းရင်းဟိတ် (သမ္မာဒိဋ္ဌိ= ပညာ= အမောဟ) ရှိကုန်၏ဟူ၍ လည်း ကောင်း၊ မဂ်မည်သော အကြီးအမှူး (သမ္မာဒိဋ္ဌိ= ဝီမံသာဓိပတိ= အမောဟ၊ သမ္မာဝါယာမ= ဝီရိယာ ဓိပတိ= ဝီရိယ) ရှိကုန်၏ ဟူ၍ လည်းကောင်း မဆို အပ်ကုန် (မဂ်ကို အာရုံမပြုသော မနာယတန, ဓမ္မာ ယတန)။ (ဏီ-၁၄၂၉)

**(၁၇) ဥပ္ပန္နတိက် အဖြေဝိသဇ္ဇနာ။** ။ အချို့သော (ကမ္မဇ) ရုပ်အာယတန ငါးပါးတို့သည် ဥပါဒ်, ဌီ, ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲ ဖြစ်ဆဲ ဖြစ်သော 'ဥပ္ပန္န' တရား ဖြစ်ကုန်၏ (ပသာဒရုပ် ငါးပါး)၊ အချို့သော (ကမ္မဇ) ရုပ်အာယတနငါးပါးတို့သည် မချွတ် ဧကန်ဖြစ်လတ္တံ့ဖြစ်သော 'ဥပ္ပါဒိ' တရား ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး)၊ အချို့သော (ကမ္မဇ) ရုပ်အာယတနငါးပါးတို့ကို ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်သော (နောင်အနာဂတ်ကာလ၌ ဖြစ်ကောင်း ဖြစ်လတ္တံ့ ဖြစ်သော) 'အနုပ္ပန္န' တရားဟု မဆိုအပ်ကုန် (ပသာဒရုပ်ငါးပါး)။

အချို့သော သဒ္ဒါယတန သည် ဥပါဒ်, ဌီ, ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်၏ (ဥပ္ပန္န)၊ အချို့သော သဒ္ဒါယတန သည် ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်ချေ (နောင်အနာဂတ် ကာလ၌ ဖြစ်ကောင်း ဖြစ်လတ္တံ့ဖြစ်သော 'အနုပ္ပန္န' တရား ဖြစ်သည်)၊ အချို့သော သဒ္ဒါယတနကို မချွတ်ဧကန် ဖြစ်လတ္တံ့သော 'ဥပ္ပါဒိ' တရား ဖြစ်၏ဟု မဆိုအပ်ချေ။

အချို့သော (ရူပါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန, မနာယတန) အာယတန ငါးပါးတို့သည် ဥပါဒ်, ဌီ, ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲ ဖြစ်ကုန်၏ (ဥပ္ပန္န)၊ အချို့သော (ရူပ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, မန) အာယတနငါးပါးတို့သည် ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်ကုန် (အနုပ္ပန္န)၊ အချို့သော (ရူပ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, မန) အာယတနငါးပါး တို့သည် မချွတ်ဧကန် ဖြစ်လတ္တံ့ဖြစ်ကုန်၏ (ဥပ္ပါဒိ)။

အချို့သော ဓမ္မာယတနသည် ဥပါဒ်, ဌီ, ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်၏ (စေတသိက်နှင့် သုခုမရုပ်များ)၊ အချို့သော ဓမ္မာယတနသည် ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ် မူ၍ ရောက်ဆဲလည်း မဟုတ်ချေ (နောင်အနာဂတ်ကာလ၌ ဖြစ်ကောင်း ဖြစ်လတ္တံ့ဖြစ်သော ကုသိုလ်, အကုသိုလ်, ကြိယာစိတ်တို့နှင့် ယှဉ်သော စေတသိက်များ၊ ကမ္မဇရုပ်မှတစ်ပါး တိဇသုခုမရုပ်)၊ အချို့ သော ဓမ္မာယတနသည် မချွတ်ဧကန် ဖြစ်လတ္တံ့ ဖြစ်၏ (ဝိပါက်စိတ်နှင့်ယှဉ်သော စေတသိက်များနှင့် ကမ္မဇသုခုမရုပ်များ)။

**တိက်မုတ်။** ။ အချို့သော ဓမ္မာယတနကို ခဏသုံးပါးသို့ ရောက်ဆဲဖြစ်၏ ဟူ၍ လည်းကောင်း၊ ခဏ သုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ် ဟူ၍ လည်းကောင်း၊ မချွတ်ဧကန် ဖြစ်လတ္တံ့ ဟူ၍ လည်းကောင်း မဆိုအပ်ချေ (နိဗ္ဗာန်)။ (ဏီ-၁၄၃၀)

**(၁၈) အတီတတိက် အဖြေဝိသဇ္ဇနာ။** ။ အချို့သော အာယတန တစ်ဆယ့်တစ်ပါးတို့သည် ဖြစ်ပြီး 'အတိက်' တရား ဖြစ်ကုန်၏ (ရုပ်အာယတနဆယ်ပါးနှင့်မနာယတန)၊ အချို့သော အာယတန တစ်ဆယ့်တစ်ပါးတို့သည် မရောက်သေး (ဖြစ်လတ္တံ့)သော 'အနာဂတ်' တရား ဖြစ်ကုန်၏၊ အချို့သော အာယတန တစ်ဆယ့်တစ်ပါးတို့သည် ဖြစ်ဆဲ 'ပစ္စုပ္ပန်' တရား ဖြစ်ကုန်၏။

အချို့သော ဓမ္မာယတနသည် ဖြစ်ပြီး 'အတိက်' တရား ဖြစ်၏၊ အချို့သော ဓမ္မာယတနသည် မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်' တရား ဖြစ်၏၊ အချို့သော ဓမ္မာယတနသည် ဖြစ်ဆဲ 'ပစ္စုပ္ပန်' တရား ဖြစ်၏ (စေတသိက် ၅၂-ပါးနှင့် သုခုမရုပ် ၁၆-ပါး)။

**တိက်မုတ်။** ။ အချို့သော ဓမ္မာယတနကို ဖြစ်ပြီး 'အတိက်' တရားဖြစ်၏ ဟူ၍ လည်းကောင်း၊ မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်' တရားဖြစ်၏ ဟူ၍ လည်းကောင်း၊ ဖြစ်ဆဲ 'ပစ္စုပ္ပန်' တရား ဖြစ်၏ ဟူ၍ လည်းကောင်း မဆိုအပ်ချေ (နိဗ္ဗာန်)။ (ဏီ-၁၄၃၀)

**(၁၉) အတီတာရမ္မဏတိက် အဖြေဝိသဇ္ဇနာ။** ။ ရုပ်အာယတန ဆယ်ပါးတို့သည် အာရုံပြုခြင်း သဘော မရှိကုန် (အာရုံမပြုတတ်ချေ) (ပသာဒရုပ်ငါးပါးနှင့်အာရုံငါးပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ဖြစ်ပြီး 'အတိက်' တရားကို အာရုံပြုကုန်၏ (အတိက်တရားကို ဧကန်, အနေကန်အာရုံပြုသော စိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်' တရားကို အာရုံပြုကုန်၏ (အနာဂတ်တရားကို အနေကန်အာရုံပြုသော စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဖြစ်ဆဲ 'ပစ္စုပ္ပန်' တရားကို အာရုံပြုကုန်၏ (ပစ္စုပ္ပန်တရားကို ဧကန်, အနေကန် အာရုံပြုသော စိတ္တုပ္ပါဒ်)။

**တိက်မုတ်။** ။အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို ဖြစ်ပြီး 'အတိက်' တရားကို အာရုံပြုကုန်၏ ဟူ၍ လည်းကောင်း၊ မရောက်သေး (ဖြစ်လတ္တံ့)သော 'အနာဂတ်' တရားကို အာရုံပြုကုန်၏ ဟူ၍ လည်းကောင်း၊ ဖြစ်ဆဲ 'ပစ္စုပ္ပန်' တရားကို အာရုံပြုကုန်၏ ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (နိဗ္ဗာန်နှင့် ပညတ်တရားတို့ကို ဧကန် အာရုံပြုသော စိတ္တုပ္ပါဒ်၊ သုခုမရုပ် ၁၆-ပါး၊ နိဗ္ဗာန်)။ (ဏီ-၁၄၃၄)

**(၂၀) အဇ္ဈတ္တတိက် အဖြေဝိသဇ္ဇနာ။** ။ အချို့သော အာယတန ၁၂-ပါးတို့သည် အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်ကုန်၏ (စိတ်, စေတသိက်, သက်မဲ့ အနိန္ဒြိယဗဒ္ဓ ရုပ်မှတစ်ပါး သက်ရှိသတ္တဝါတို့၏ မိမိတို့ သန္တာန်၌ ဖြစ်သော ရုပ်များ)၊ အချို့သော အာယတန ၁၂-ပါးတို့သည် အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်ကုန်၏ (စိတ်,စေတသိက်, ရုပ်နိဗ္ဗာန်)၊ အချို့သော အာယတန ၁၂-ပါးတို့သည် အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန် ၂-ပါး၌ ဖြစ်ကုန်၏ (စိတ်, စေတသိက်, သက်မဲ့ အနိန္ဒြိယဗဒ္ဓရုပ်မှ တစ်ပါး သက်ရှိသတ္တဝါတို့၏ သန္တာန်၌ ရှိသော ရုပ်များ)။ (ဏီ-၁၄၃၂)

**(၂၁) အဇ္ဈတ္တာရမ္မဏတိက် အဖြေဝိသဇ္ဇနာ။** ။ ရုပ်အာယတန ဆယ်ပါးတို့သည် အာရုံပြုခြင်း သဘော မရှိကုန် (အာရုံမပြုတတ်ချေ) (အနာရမ္မဏ) (ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုကုန်၏ (အဇ္ဈတ္တတရားကို ဧကန် အနေကန် အာရုံပြုသည့် စိတ္တုပ္ပါဒ်များ)၊

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုကုန်၏ (ဗဟိဒ္ဓတရားကို ဧကန် အနေကန် အာရုံပြုသော စိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန် ၂-ပါး၌ ဖြစ်သော တရားကို အာရုံပြုကုန်၏ (အနေကန် အာရုံပြုသော စိတ္တုပ္ပါဒ်များ)။

**တိက်မုတ်။** ။အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုကုန်၏ ဟူ၍ လည်းကောင်း၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုကုန်၏ ဟူ၍ လည်းကောင်း၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုကုန်၏ ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (နတ္ထိဘောပညတ်ကို အာရုံပြုသော အာကိဉ္စညာယတန စိတ္တုပ္ပါဒ်၊ သုခုမရုပ် ၁၆-ပါး၊ နိဗ္ဗာန်)။ (ဏီ-၁၄၃၇)

**(၂၂) သနိဒဿနတိက် အဖြေဝိသဇ္ဇနာ။** ။ အဆင်းရူပါရုံ 'ရူပါယတန' သည် မြင်အပ်သော သဘောလည်းရှိ၍ ထိပါးတတ်သော သဘောလည်း ရှိ၏ (သနိဒဿန သပ္ပဋိဃ)။

(ရူပါယတနကြဉ်သော ဩဠာရိကရုပ် ၁၁-ပါး) အာယတန ကိုးပါးတို့သည် မြင်အပ်သော သဘော မရှိမူ၍ (မမြင်အပ်မူ၍) ထိပါးတတ်သော သဘောရှိ၏ (အနိဒဿနသပ္ပဋိဃ) (ပသာဒရုပ်ငါးပါး၊ ရူပါရုံကြဉ်သော အာရုံလေးပါး)။ (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် မြင်အပ်သော သဘောလည်း မရှိမူ၍ (မမြင်အပ်မူ၍) ထိပါးတတ်သော သဘောလည်း မရှိချေ (စိတ်, စေတသိက်, သုခုမရုပ် ၁၆-ပါး, နိဗ္ဗာန်)။

**(တိက်တို့ဖြင့် ဝေဖန်ပြီးလျှင် အမေးအဖြေပြု၍ ဟောကြားအပ်သော 'ပဉှာပုစ္ဆက' နည်း ပြီး၏)။**

**(အာယတန ၁၂-ပါးတို့ကို တိက် ၂၂-ခုတို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြသော 'ပဉှာပုစ္ဆက' နည်း ပြီး၏)။**

------

# အာယတနဝိဘင်္ဂ

## ၂ - ဒုကဝိသဇ္ဇနာ

## (အာယတန ၁၂-ပါးတို့ကို ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း)

## ၁ - ဟေတုဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ

**(၁) ဟေတုဒုက် အဖြေဝိသဇ္ဇနာ** ၁၇၁။ ။ အာယတန တစ်ဆယ့်တစ်ပါးတို့သည် ဟိတ် မမည်ကုန် (ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး၊ မနာယတန)။

အချို့သော ဓမ္မာယတနသည် ဟိတ်မည်၏ (ဟိတ် ၆-ပါး)၊ အချို့သော ဓမ္မာယတနာသည် ဟိတ်မမည်ချေ (ကြွင်းသော စေတသိက် ၄၆-ပါး, သုခုမရုပ်, နိဗ္ဗာန်)။

**(၂) သဟေတုကဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် ဟိတ် မရှိကုန် (ဟိတ်နှင့် မယှဉ်ကုန်) (ပသာဒရုပ်ငါးပါးနှင့် အာရုံငါးပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဟိတ် ရှိကုန်၏ (ဟိတ်နှင့် ယှဉ်ကုန်၏) (မောဟမူဒွေ၌ ရှိသော မောဟကြဉ်သည့် သဟေတုကစိတ္တုပ္ပါဒ်များ၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဟိတ်မရှိကုန် ဟိတ်နှင့် မယှဉ်ကုန် (မောဟမူဒွေ၌ ရှိသော မောဟ၊ အဟေတုကစိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**(၃)ဟေတုသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် ဟိတ်နှင့် မယှဉ်ကုန် (ပသာဒရုပ်ငါးပါးနှင့် အာရုံငါးပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဟိတ်နှင့် ယှဉ်ကုန်၏ (မောဟမူဒွေ၌ ရှိသည့် မောဟကြဉ်သော သဟိတ်စိတ္တုပ္ပါဒ်များ၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဟိတ်နှင့် မယှဉ်ကုန် (မောဟမူဒွေ၌ရှိသော မောဟ၊ အဟေတုကစိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**(၄)ဟေတုသဟေတုကဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတနဆယ်ပါးတို့ကို ဟိတ်လည်း မည်၍ ဟိတ်လည်း ရှိကုန်၏ (ဟိတ်နှင့် ယှဉ်ကုန်၏) ဟူ၍ လည်းကောင်း၊ ဟိတ်သာ ရှိ၍ (ဟိတ်နှင့်သာယှဉ်၍) ဟိတ် မမည်ကုန် ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဥ္စာရုံ)။

မနာယတနကို ဟိတ် လည်းမည်၍ ဟိတ်လည်းရှိ၏ဟူ၍ မဆိုအပ်ချေ (စိတ်အားလုံး)။

အချို့သော မနာယတနသည် ဟိတ်သာရှိ၍ (ဟိတ်နှင့်သာယှဉ်၍) ဟိတ်မမည်ချေ (သဟိတ်စိတ်များ)၊ အချို့သော မနာယတနကို ဟိတ်သာရှိ၍ ဟိတ်လည်း မမည်ဟု မဆိုအပ်ချေ (အဟိတ်စိတ်များ)။

အချို့သော ဓမ္မာယတနသည် ဟိတ်လည်းမည်၍ ဟိတ်လည်း ရှိ၏ (မောဟမူဒွေ၌ ရှိသော မောဟ ကြဉ်သော ဟိတ် ၆-ပါး)၊ အချို့သော ဓမ္မာယတနသည် ဟိတ်သာရှိ၍ ဟိတ် မမည်ချေ (ဟိတ် ၆-ပါး ကြဉ်သော သဟိတ်စိတ်၌ရှိသည့် စေတသိက်များ)။

**ဒုက်မုတ်။** ။ အချို့သော ဓမ္မာယတနကို ဟိတ်လည်း မည်၍ ဟိတ်လည်း ရှိ၏ ဟူ၍ လည်းကောင်း၊ ဟိတ်သာ ရှိ၍ ဟိတ် မမည်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (အဟိတ်စိတ်၌ ရှိသော စေတသိက်များ၊ မောဟမူဒွေ၌ ရှိသော မောဟ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၄၄၈)။

**(၅) ဟေတုဟေတုသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ် အာယတနဆယ်ပါးတို့ကို ဟိတ်လည်း မည်၍ ဟိတ်နှင့်လည်း ယှဉ်ကုန်၏ ဟူ၍ လည်းကောင်း၊ ဟိတ်နှင့်သာ ယှဉ်၍ ဟိတ် မမည်ကုန် ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (ပသာဒရုပ်ငါးပါးနှင့် ပဥ္စာရုံ)။

မနာယတနကို ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်း ယှဉ်၏ ဟူ၍ မဆိုအပ်ချေ (စိတ်)။

အချို့သော မနာယတနသည် ဟိတ်နှင့်သာ ယှဉ်၍ ဟိတ်မမည်ချေ (သဟိတ်စိတ် ၇၁-ပါး)၊ အချို့သော မနာယတနကို ဟိတ်နှင့်သာ ယှဉ်၍ ဟိတ်မမည်ဟု မဆိုအပ်ချေ (အဟိတ်စိတ်များ)။

အချို့သော ဓမ္မာယတနသည် ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်း ယှဉ်၏ (မောဟမူဒွေ၌ ရှိသော မောဟကြဉ်သည့် ဟိတ် ၆-ပါး)၊ အချို့သော ဓမ္မာယတနသည် ဟိတ်နှင့်သာ ယှဉ်၍ ဟိတ်မမည်ချေ (ဟိတ် ၆-ပါးကြဉ်သော သဟိတ်စိတ်၌ ရှိသော စေတသိက်များ)။

**ဒုက်မုတ်။** ။အချို့သော ဓမ္မာယတနကို ဟိတ်လည်း မည်၍ ဟိတ်နှင့်လည်း ယှဉ်၏ ဟူ၍ လည်းကောင်း၊ ဟိတ်နှင့်သာ ယှဉ်၍ ဟိတ် မမည်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (မောဟမူဒွေ၌ ရှိသော မောဟ၊ အဟိတ်စိတ်၌ ရှိသော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၄၅၀)

**(၆) န ဟေတု သဟေတုကဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတနဆယ်ပါးတို့သည် ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိကုန် (ဟိတ်နှင့်လည်း မယှဉ်ကုန်) (ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး)။

အချို့သော မနာယတနသည် ဟိတ် မမည်မူ၍ ဟိတ်သာ ရှိ၏ (သဟိတ်စိတ် ၇၁-ပါး)၊အချို့သော မနာယတနသည် ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိချေ (အဟိတ်စိတ်)။

အချို့သော ဓမ္မာယတနသည် ဟိတ်မမည်မူ၍ ဟိတ်သာရှိ၏ (ဟိတ် ၆-ပါးကြဉ်သော သဟိတ်စိတ် ၌ ရှိသော စေတသိက်များ)၊ အချို့သော ဓမ္မာယတနသည် ဟိတ်လည်းမမည်မူ၍ ဟိတ်လည်းမရှိချေ (အဟိတ်စိတ်၌ရှိသော စေတသိက်၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**ဒုက်မုတ်။** ။အချို့သော ဓမ္မာယတနကို ဟိတ် မမည်မူ၍ ဟိတ်သာ ရှိ၏ ဟူ၍ လည်းကောင်း၊ ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိဟူ၍ လည်းကောင်း မဆိုအပ်ချေ (ဟိတ် ၆-ပါး)။ (ဏီ-၁၄၅၂)

**(ဟေတုဂေါစ္ဆကဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ ပြီး၏)။**

------

# အာယတနဝိဘင်္ဂ

## ၂ - စူဠန္တရဒုက် ၇-ခု အဖြေ ဝိသဇ္ဇနာ

**(၇) သပ္ပစ္စယဒုက် အဖြေဝိသဇ္ဇနာ။** ။(ပသာဒရုပ်ငါးပါးနှင့် ပဋ္ဌာရုံ တည်းဟူသော ရုပ်အာယတန ဆယ်ပါး၊ မနာယတန) အာယတန တစ်ဆယ့်တစ်ပါးတို့သည် အကြောင်းနှင့်တကွ ဖြစ်ကုန်၏ (ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား လေးပါးတို့ကြောင့် ဖြစ်ကုန်၏)။

အချို့သော ဓမ္မာယတနသည် အကြောင်းနှင့်တကွ ဖြစ်၏ (ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရားလေးပါးတို့ကြောင့် ဖြစ်၏) (စေတသိက်နှင့်သုခုမရုပ်)၊ အချို့သော ဓမ္မာယတနသည် အကြောင်းနှင့်တကွ မဖြစ်ချေ (ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား လေးပါးတို့ကြောင့် မဖြစ်ချေ) (နိဗ္ဗာန်)။ (ဏီ-၁၄၅၄)

**(၈) သင်္ခတဒုက် အဖြေဝိသဇ္ဇနာ။** ။အာယတန တစ်ဆယ့်တစ်ပါးတို့သည် (ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား လေးပါးတို့သည်) ပြုပြင် စီမံအပ်သော 'သင်္ခတ' တရား ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး၊ မနာယတန)။

အချို့သော ဓမ္မာယတနသည် ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား လေးပါးတို့ ပြုပြင် စီမံအပ်သော 'သင်္ခတ' တရား ဖြစ်၏ (စေတသိက် ၅၂-ခု, သုခုမရုပ် ၁၆-ပါး)၊ အချို့သော ဓမ္မာယတနသည် အကြောင်းတရားလေးပါးတို့ မပြုပြင်အပ်သော 'အသင်္ခတ' တရား ဖြစ်၏ (နိဗ္ဗာန်)။

**(၉) သနိဒဿနဒုက အဖြေဝိသဇ္ဇနာ။** ။ရူပါယတန (အဆင်း 'ရူပါရုံ' ) သည် မြင်အပ်သော သဘောရှိ၏ (ရူပါယတနကြဉ်သော) အာယတန တစ်ဆယ့်တစ်ပါးတို့သည် မြင်အပ်သော သဘော မရှိကုန်။

**(၁၀)သပ္ပဋိဃဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် ထိပါးတတ်သော သဘော ရှိကုန်၏ (သပ္ပဋိဃ) (ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး)။

(မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ထိပါးတတ်သော သဘော မရှိကုန် (စိတ်, စေတသိက်, သုခုမရုပ် ၁၆-ပါး၊ နိဗ္ဗာန်)။

**(၁၁)ရူပီဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် ရုပ်မည်ကုန်၏ (ပသာဒရုပ် ငါးပါး၊ ပဋ္ဌာရုံ)။ မနာယတနသည် ရုပ်မမည်ချေ (နာမ်မည်၏) (စိတ်အားလုံး)။

အချို့သော ဓမ္မာယတနသည် ရုပ်မည်၏ (သုခုမရုပ်)၊ အချို့သော ဓမ္မာယတနသည် ရုပ် မမည်ချေ (နာမ်မည်၏) (စေတသိက်၊ နိဗ္ဗာန်)။

# အာယတနဝိဘင်္ဂ

**(၁၂) လောကိယဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် လောက၌ အကျုံးဝင် ကုန်၏ (လောကီတရားဖြစ်ကုန်၏) (ပသာဒရုပ်ငါးပါး၊ ပဥ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှ စ်ပါးတို့သည် လောက၌ အကျုံးဝင်သော 'လောကိယ' တရား ဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် လောကမှ ထွက်မြောက်သော 'လောကုတ္တရာ' တရား ဖြစ်ကုန်၏ (လောကုတ္တရာ စိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

**(၁၃)ကေနစိဝိညေယျဒုက် အဖြေဝိသဇ္ဇနာ။** ။ အာယတန တစ်ဆယ့်နှစ်ပါးတို့ကို တစ်စုံတစ်ခုသော စိတ်သည် သိအပ်ကုန်၏၊ အာယတန တစ်ဆယ့်နှစ်ပါးတို့ကို တစ်စုံတစ်ခုသော စိတ်သည် မသိအပ်ကုန်။

**(စူဠန္တရ ဒုက် ၇-ခု အဖြေ ဝိသဇ္ဇနာ ပြီး၏)။**

------

# အာယတနဝိဘင်္ဂ

## ၃ - အာသဝဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ

**(၁၄) အာသဝဒုက် အဖြေဝိသဇ္ဇနာ။** ။(ရုပ်အာယတနဆယ်ပါးနှင့် မနာယတန) အာယတန တစ်ဆယ့်တစ်ပါးတို့သည် (သတ္တဝါတို့၏သန္တာန်၌) ယိုစီး ဖြစ်ပွား နေတတ်၍ မူးယစ် မိုက်မဲစေတတ်သော 'အာသဝ' မမည်ကုန် (ပသာဒရုပ်ငါးပါး၊ ပဥ္စာရုံ၊ စိတ်အားလုံး)။

အချို့သော ဓမ္မာယတနသည် (သတ္တဝါတို့၏ သန္တာန်၌) ယိုစီး ဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော 'အာသဝ' မည်၏ (လောဘ, ဒိဋ္ဌိ, မောဟ)၊ အချို့သော ဓမ္မာယတနသည် အာသဝ မမည်ချေ (ကြွင်းသော စေတသိက် ၄၉-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**(၁၅) သာသဝဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် အာသဝ၏ အာရုံ ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဥ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် အာသဝ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အာသဝ၏ အာရုံ မဟုတ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

**(၁၆)အာသဝသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် အာသဝနှင့် မယှဉ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် အာသဝနှင့် ယှဉ်ကုန်၏ (ဒေါသမူ, မောဟမူဒွေတို့၌ ရှိသော မောဟကြဉ်သည့် အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အာသဝနှင့် မယှဉ်ကုန် (ဒေါသမူဒွေ, မောဟမူဒွေတို့၌ ရှိသော မောဟ၊ ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**(၁၇) အာသဝ သာသဝဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့ကို အာသဝလည်း မည်၍ အာသဝ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ကုန်၊ ရုပ်အာယတန ဆယ်ပါးတို့သည် အာသဝ၏ အာရုံသာ ဖြစ်၍ အာသဝ မမည်ကုန်၊ (ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး)။

မနာယတနကို အာသဝလည်း မည်၍ အာသဝ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ (စိတ်)။ အချို့သော မနာယတနသည် အာသဝ၏ အာရုံသာဖြစ်၍ အာသဝ မမည်ချေ (လောကီစိတ်)။

**ဒုက်မုတ်။** ။အချို့သော မနာယတနကို အာသဝ၏ အာရုံသာဖြစ်၍ အာသဝမမည်ဟု မဆိုအပ်ချေ (လောကုတ္တရာစိတ်)။

အချို့သော ဓမ္မာယတနသည် အာသဝလည်း မည်၍ အာသဝ၏ အာရုံလည်း ဖြစ်၏ (လောဘ, ဒိဋ္ဌိ, မောဟ)၊ အချို့သော ဓမ္မာယတနသည် အာသဝ၏ အာရုံသာဖြစ်၍ အာသဝ မမည်ချေ (အာသဝတရား ကိုယ်ကြဉ်သော လောကီစိတ်၌ ရှိသော စေတသိက်၊ သုခုမရုပ် ၁၆-ပါး)။

**ဒုက်မုတ်။** ။အချို့သော ဓမ္မာယတနကို အာသဝလည်း မည်၍ အာသဝ၏ အာရုံလည်း ဖြစ်၏ ဟူ၍ လည်းကောင်း၊ အာသဝ၏ အာရုံသာ ဖြစ်၍ အာသဝ မမည် ဟူ၍ လည်းကောင်း မဆိုအပ်ချေ (လောကုတ္တရာစိတ်၌ ရှိသော စေတသိက်၊ နိဗ္ဗာန်)။ (ဏီ-၁၄၇၂)

**(၁၈) အာသဝအာသဝသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့ကို အာသဝလည်းမည်၍ အာသဝနှင့်လည်း ယှဉ်ကုန်၏ ဟူ၍ လည်းကောင်း၊ အာသဝနှင့်သာ ယှဉ်၍ အာသဝမ မည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

မနာယတနကို အာသဝလည်း မည်၍ အာသဝနှင့်လည်း ယှဉ်၏ဟု မဆိုအပ်ချေ (စိတ်အားလုံး)။ အချို့သော မနာယတနသည် အာသဝချင့်သ ၁ယှဉ်၍ အာသဝ မမည်ချေ (အကုသိုလ်စိတ်များ)၊

**ဒုက်မုတ်။** ။အချို့သော မနာယတနကို အာသဝနှင့်သာယှဉ်၍ အာသဝမမည်ဟု မဆိုအပ်ချေ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)။

အချို့သော ဓမ္မာယတနသည် အာသဝလည်း မည်၍ အာသဝနှင့်လည်း ယှဉ်၏ (လောဘမူစိတ်နှင့် ယှဉ်သော လောဘ, ဒိဋ္ဌိ, မောဟ)၊

အချို့သော ဓမ္မာယတနသည် အာသဝနှင့်သာ ယှဉ်၍ အာသဝ မမည်ချေ (အာသဝတရားကိုယ် ၃-ပါးကြဉ်သော အကုသိုလ်စိတ်၌ ရှိသည့် စေတသိက် ၂၄-ပါး)။

**ဒုက်မုတ်။** ။အချို့သော ဓမ္မာယတနကို အာသဝလည်းမည်၍ အာသဝနှင့်လည်း ယှဉ်၏ ဟူ၍ လည်းကောင်း၊ အာသဝနှင့်သာယှဉ်၍ အာသဝမ မည်ဟူ၍ လည်းကောင်း မဆိုအပ်ချေ

(အာသဝဝိပ္ပယုတ်တရား= ဒေါသမူဒွေ, မောဟမူဒွေတို့၌ရှိသော မောဟ၊ ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့နှင့်ယှဉ်သော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၄၇၀, ၁၄၇၄)

**(၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်ကုန်၏ (ဒေါသမူဒွေ, မောဟမူဒွေတို့၌ရှိသော မောဟ၊ လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ သုခုမရုပ် ၁၆-ပါး)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

**ဒုက်မုတ်။** ။အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်ကုန်၏ ဟူ၍ လည်းကောင်း၊ အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဖြစ်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (အာသဝသမ္ပယုတ္တတရား = ဒေါသမူဒွေ, မောဟမူဒွေတို့၌ရှိသော မောဟကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)။ (ဏီ-၁၄၇၆)

**(အာသဝဂေါစ္ဆက ဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ ပြီး၏)။**

------

# အာယတနဝိဘင်္ဂ

## ၄ - သညောဇနဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ

**(၂၀) သညောဇနဒုက် အဖြေဝိသဇ္ဇနာ။** ။(ရုပ်အာယတနဆယ်ပါးနှင့် မနာယတန) အာယတန တစ်ဆယ့်တစ်ပါးတို့သည် (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ်သော 'သံယောဇဉ်' မမည်ကုန် (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ၊ စိတ်)။

အချို့သော ဓမ္မာယတနသည် သံယောဇဉ် မည်၏ (သံယောဇဉ်တရားကိုယ် ၈-ပါး)၊ အချို့သော ဓမ္မာယတနသည် သံယောဇဉ် မမည်ချေ (သံယောဇဉ်တရားကိုယ် ၈-ပါးကြဉ်သော စေတသိက် ၄၄-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**(၂၁) သညောဇနိယဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် သံယောဇဉ်၏ အာရုံ ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် သံယောဇဉ်၏ အာရုံ ဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ် ၁၆-ပါး)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် သံယောဇဉ်၏ အာရုံ မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

**(၂၂) သညောဇနသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတနဆယ်ပါးတို့သည် သံယောဇဉ်နှင့် မယှဉ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် သံယောဇဉ်နှင့် ယှဉ်ကုန်၏ (ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် သံယောဇဉ်နှင့် မယှဉ်ကုန် (ဥဒ္ဓစ္စသဟဂုတ်စိတ်၌ ရှိသော မောဟ၊ ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဇာ-၁၄၈၁၊ ၁၄၈၂)

**(၂၃) သညောဇန သညောဇနိယဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့ကို သံယောဇဉ်လည်း မည်၍ သံယောဇဉ်၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ ရုပ်အာယတန ဆယ်ပါးတို့သည် သံယောဇဉ်၏ အာရုံသာ ဖြစ်၍ သံယောဇဉ် မမည်ကုန် (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

မနာယတနကို သံယောဇဉ်လည်း မည်၍ သံယောဇဉ်၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ။ အချို့သော မနာယတနသည် သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်ချေ (လောကီစိတ်များ)၊

**ဒုက်မုတ်။** ။အချို့သော မနာယတနကို သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်ဟု မဆိုအပ်ချေ (လောကုတ္တရာစိတ်)။

အချို့သော ဓမ္မာယတနသည် သံယောဇဉ်လည်း မည်၍ သံယောဇဉ်၏ အာရုံလည်း ဖြစ်၏ (သံယောဇဉ် တရားကိုယ် ၈-ပါး)၊ အချို့သော ဓမ္မာယတနသည် သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်ချေ (သံယောဇဉ်တရား ကိုယ်ကြဉ်သော လောကီစိတ်နှင့်ယှဉ်သော စေတသိက် ၄၄-ပါး၊ သုခုမရုပ်)။

**ဒုက်မုတ်။** ။အချို့သော ဓမ္မာယတနကို သံယောဇဉ်လည်း မည်၍ သံယောဇဉ်၏ အာရုံလည်း ဖြစ်၏ ဟူ၍ လည်းကောင်း၊ သံယောဇဉ်၏ အာရုံသာ ဖြစ်၍ သံယောဇဉ် မမည် ဟူ၍

လည်းကောင်း မဆိုအပ်ချေ (လောကုတ္တရာ စိတ်၌ရှိသော စေတသိက်များ၊ နိဗ္ဗာန်)။ (ဏီ-၁၄၈၄)

**(၂၄) သညောဇန သညောဇနသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတနဆယ်ပါးတို့ကို သံယောဇဉ်လည်း မည်၍ သံယောဇဉ်နှင့်လည်း ယှဉ်ကုန်၏ ဟူ၍ လည်းကောင်း၊ သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ် မမည် ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဥ္စာရုံ)။

မနာယတနကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်နှင့်လည်း ယှဉ်၏ဟု မဆိုအပ်ချေ။

အချို့သော မနာယတနသည် သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ် မမည်ချေ (အကုသိုလ်စိတ်များ)၊

**ဒုက်မုတ်။** ။အချို့သော မနာယတနကို သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ် မမည်ဟု မဆိုအပ်ချေ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)။

အချို့သော ဓမ္မာယတနသည် သံယောဇဉ်လည်း မည်၍ သံယောဇဉ်နှင့်လည်း ယှဉ်၏ (ဥဒ္ဓစ္စသဟဂုတ် စိတ်၌ ရှိသော မောဟကြဉ်သည့် သံယောဇဉ်တရား ကိုယ် ၈-ပါး)၊ အချို့သော ဓမ္မာယတနသည် သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ် မမည်ချေ (သံယောဇဉ်တရားကိုယ် ကြဉ်သော အကုသိုလ်စိတ်၌ ယှဉ်သည့် စေတသိက်)။

**ဒုက်မုတ်။** ။အချို့သော ဓမ္မာယတနကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်နှင့်လည်း ယှဉ်၏ဟူ၍ လည်းကောင်း၊ သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ်မမည်ဟူ၍ လည်းကောင်း မဆို အပ်ချေ(ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟ၊ ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့နှင့်ယှဉ်သော စေတသိက်၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၄၈၆)

**(၂၅) သညောဇနဝိပ္ပယုတ္တ သညောဇနိယဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတနဆယ်ပါးတို့သည် သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာ ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဥ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာ ဖြစ်ကုန်၏ (ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟ၊ လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် သံယောဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာ စိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

**ဒုက်မုတ်။** ။အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာ ဖြစ်ကုန်၏ ဟူ၍ လည်းကောင်း၊ သံယောဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်း မဖြစ်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (ဥဒ္ဓစ္စသဟဂုတ် စိတ်၌ ရှိသော မောဟကြဉ်သည့် အကုသိုလ် စိတ္တုပ္ပါဒ်)။ (ဏီ-၁၄၈၈)

**(သညောဇနဂေါစ္ဆက ဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ ပြီး၏)။**

------

# အာယတနဝိဘင်္ဂ

## ၅ - ဂန္ထဂေါစ္ဆက ဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ

**(၂၆) ဂန္ထဒုက် အဖြေဝိသဇ္ဇနာ။** ။(ရုပ်အာယတနဆယ်ပါးနှင့် မနာယတန) အာယတန တစ်ဆယ့်တစ်ပါးတို့သည် (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့တတ်သော 'ဂန္ထ' မမည်ကုန် (ပသာဒရုပ်ငါးပါး၊ ပဥ္စာရုံ၊ စိတ်)။

အချို့သော ဓမ္မာယတနသည် ဂန္ထမည်၏ (လောဘ, ဒေါသ, ဒိဋ္ဌိ)၊ အချို့သော ဓမ္မာယတနသည် ဂန္ထမမည်ချေ (ဂန္ထတရားကိုယ်ကြဉ်သော စေတသိက် ၄၉-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**(၂၇) ဂန္ထနိယဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် ဂန္ထ၏ (လောဘ, ဒေါသ, ဒိဋ္ဌိတို့၏) အာရုံဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဥ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဂန္ထ၏ အာရုံ ဖြစ်ကုန်၏ (လောကစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဂန္ထ၏ အာရုံ မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

**(၂၈) ဂန္ထသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတနဆယ်ပါးတို့သည်ဂန္ထနှင့်(လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင့်) မယှဉ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဥ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဂန္ထနှင့် ယှဉ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ် စိတ်၌ရှိသော လောဘနှင့် ဒေါသမူဒွေ၌ရှိသော ဒေါသကြဉ်သည့် လောဘမူ, ဒေါသမူစိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဂန္ထနှင့် မယှဉ်ကုန် (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ ရှိသော လောဘ၊ ဒေါသမူဒွေ၌ရှိသော ဒေါသ၊ မောဟမူဒွေ စိတ္တုပ္ပါဒ်များ၊ ကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**(၂၉) ဂန္ထဂန္ထနိယဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့ကို ဂန္ထလည်းမည်၍ ဂန္ထ၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊

ရုပ်အာယတန ဆယ်ပါးတို့သည် ဂန္ထ၏ အာရုံသာဖြစ်၍ ဂန္ထမမည်ကုန် (ပသာဒရုပ်ငါးပါး၊ ပဥ္စာရုံ)။

မနာယတနကို ဂန္ထလည်း မည်၍ ဂန္ထ၏အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ (စိတ်)။

အချို့သော မနာယတနသည် ဂန္ထ၏အာရုံသာဖြစ်၍ ဂန္ထမမည်ချေ (လောကီစိတ်များ)။

**ဒုက်မုတ်။** ။အချို့သော မနာယတနကို ဂန္ထ၏ အာရုံသာဖြစ်၍ ဂန္ထ မမည်ဟု မဆိုအပ်ချေ (လောကုတ္တရာစိတ်)။

အချို့သော ဓမ္မာယတနသည် ဂန္ထလည်းမည်၍ ဂန္ထ၏ အာရုံလည်း ဖြစ်၏ (လောဘ, ဒေါသ, ဒိဋ္ဌိ)၊ အချို့သော ဓမ္မာယတနသည် ဂန္ထ၏ အာရုံသာဖြစ်၍ ဂန္ထမမည်ချေ (ဂန္ထတရား ကိုယ်သုံးပါးကြဉ်သော လောကီစိတ်တို့၌ ရှိသော စေတသိက်၊ သုခုမရုပ်)။

**ဒုက်မုတ်။** ။အချို့သော ဓမ္မာယတနကို ဂန္ထလည်း မည်၍ ဂန္ထ၏ အာရုံလည်း ဖြစ်၏ ဟူ၍ လည်းကောင်း၊ ဂန္ထ၏ အာရုံသာ ဖြစ်၍ ဂန္ထမမည် ဟူ၍ လည်းကောင်း မဆိုအပ်ချေ (လောကုတ္တရာစိတ်၌ ရှိသော စေတသိက်၊ နိဗ္ဗာန်)။ (ဏီ-၁၄၉၆)

**(၃၀) ဂန္ထဂန္ထသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့ကို ဂန္ထလည်းမည်၍ ဂန္ထနှင့်လည်း ယှဉ်ကုန်၏ ဟူ၍ လည်းကောင်း, ဂန္ထနှင့်သာ ယှဉ်၍ ဂန္ထမမည်ကုန် ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

မနာယတနကို ဂန္ထလည်း မည်၍ ဂန္ထနှင့်လည်း ယှဉ်၏ဟု မဆိုအပ်ချေ (စိတ်အားလုံး)။

အချို့သော မနာယတနသည် ဂန္ထနှင့် (လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင့်)သာ ယှဉ်၍ ဂန္ထမမည်ချေ (လောဘမူ, ဒေါသမူစိတ်များ)။

**ဒုက်မုတ်။** ။အချို့သော မနာယတနကို ဂန္ထနှင့်သာယှဉ်၍ ဂန္ထမမည်ဟု မဆိုအပ်ချေ (မောဟမူဒွေး၊ ကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)။ (ဏီ-၁၄၉၈)

အချို့သော ဓမ္မာယတနသည် ဂန္ထလည်းမည်၍ ဂန္ထနှင့်လည်း ယှဉ်၏ (ဒိဋ္ဌိဂတသမ္ပယုတ် စိတ်၌ ရှိသော လောဘ, ဒိဋ္ဌိ)၊ အချို့သော ဓမ္မာယတနသည် ဂန္ထနှင့်သာ ယှဉ်၍ ဂန္ထမမည်ချေ (ဂန္ထတရားကိုယ် ကြဉ်သည့် လောဘမူ ဒေါသမူ စိတ်တို့၌ ရှိသော စေတသိက်များ)။

**ဒုက်မုတ်။** ။ အချို့သော ဓမ္မာယတနကို ဂန္ထလည်းမည်၍ ဂန္ထနှင့်လည်း ယှဉ်၏ဟူ၍ လည်းကောင်း၊ ဂန္ထနှင့်သာ ယှဉ်၍ ဂန္ထမမည်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ ရှိသော လောဘ၊ ဒေါသမူဒွေ၌ရှိသော ဒေါသ၊ မောဟမူဒွေ, ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့နှင့် ယှဉ်သော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၄၉၄၊ ၁၄၉၈)

**(၃၁) ဂန္ထဝိပ္ပယုတ္တ ဂန္ထနိယဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် ဂန္ထနှင့် (လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင့်) မယှဉ်မူ၍ ဂန္ထ၏ အာရုံသာ ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဂန္ထနှင့် မယှဉ်မူ၍ ဂန္ထ၏ အာရုံသာ ဖြစ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် လေးပါး၌ရှိသော လောဘ၊ ဒေါသမူဒွေ၌ရှိသော ဒေါသ၊ မောဟမူဒွေစိတ္တုပ္ပါဒ်၊ လောကီ, ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဂန္ထနှင့်လည်း မယှဉ်မူ၍ ဂန္ထ၏ အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာ စိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

**ဒုက်မုတ်။** ။အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို ဂန္ထနှင့် မယှဉ်မူ၍ ဂန္ထ၏အာရုံသာ ဖြစ်ကုန်၏ဟူ၍ လည်းကောင်း၊ ဂန္ထနှင့်လည်း မယှဉ်မူ၍ ဂန္ထ၏အာရုံလည်း မဖြစ်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (ဂန္ထသမ္ပယုတ္တတရား= ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး၌ရှိသော လောဘနှင့် ဒေါသမူဒွေ၌ရှိသော ဒေါသကြဉ်သော လောဘမူ, ဒေါသမူစိတ္တုပ္ပါဒ်)။ (ဏီ-၁၄၉၃, ၁၅၀၀)

**(ဂန္ထဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ ပြီး၏)။**

------

# အာယတနဝိဘင်္ဂ

## ၆ - ဩဃဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ

(၃၂) - (၃၇)။ အာယတနတစ်ဆယ့် တစ်ပါးတို့သည် (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) နစ်မြုပ်စေတတ်သော 'ဩဃ' မမည်ကုန်။ပ။**၁

၁။ ** ဩဃဂေါစ္ဆကနှင့် ယောဂဂေါစ္ဆက အဖြေဝိသဇ္ဇနာများသည် အာသဝဂေါစ္ဆကနှင့် ထပ်တူဖြစ်သဖြင့် ပေယျာလ ချန်ခဲ့သည်၊ ထိုအာသဝဂေါစ္ဆကအတိုင်း ချဲ့ယူပါလေ။

-------

# အာယတနဝိဘင်္ဂ

## ၇ - ယောဂဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ

(၃၈) - (၄၃)။ အာယတနတစ်ဆယ့် တစ်ပါးတို့သည် (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ်သော 'ယောဂ' မမည်ကုန်။ပ။**၁

၁။ ** ဩဃဂေါစ္ဆကနှင့် ယောဂဂေါစ္ဆက အဖြေဝိသဇ္ဇနာများသည် အာသဝဂေါစ္ဆကနှင့် ထပ်တူဖြစ်သဖြင့် ပေယျာလ ချန်ခဲ့သည်၊ ထိုအာသဝဂေါစ္ဆကအတိုင်း ချဲ့ယူပါလေ။

-------

# အာယတနဝိဘင်္ဂ

## ၈ - နီဝရဏဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ

**(၄၄) နီဝရဏဒုက် အဖြေဝိသဇ္ဇနာ။** ။(ရုပ်အာယတနဆယ်ပါး၊ မနာယတန) အာယတနတစ်ဆယ့် တစ်ပါးတို့သည် (စျာန်, မဂ်, ဖိုလ်တရားတို့ကို) ပိတ်ပင်တားဆီးတတ်သော 'နီဝရဏ' မမည်ကုန် (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ၊ စိတ်)။

အချို့သော ဓမ္မာယတနသည် နီဝရဏမည်၏ (နီဝရဏတရားကိုယ် ၈-ပါး = လောဘ, ဒေါသ, မောဟ, ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ)၊ အချို့သော ဓမ္မာယတနသည် နီဝရဏ မမည်ချေ (နီဝရဏတရား ကိုယ်ကြဉ်သော စေတသိက် ၄၄-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**(၄၅) နီဝရဏိယဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် နီဝရဏ၏ အာရုံ ဖြစ်ကုန်၏ (ပသာဒရုပ် ငါးပါး၊ ပဉ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် နီဝရဏ၏ အာရုံ ဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် နီဝရဏ၏ အာရုံ မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

**(၄၆) နီဝရဏသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် နီဝရဏနှင့် မယှဉ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် နီဝရဏနှင့် ယှဉ်ကုန်၏ (အကုသိုလ်စိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် နီဝရဏနှင့် မယှဉ်ကုန် (ကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**(၄၇) နီဝရဏ နီဝရဏိယဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့ကို နီဝရဏလည်း မည်၍ နီဝရဏ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ကုန်၊ ရုပ်အာယတန ဆယ်ပါးတို့သည် နီဝရဏ၏ အာရုံသာ ဖြစ်၍ နီဝရဏမမည်ကုန် (ပသာဒ ရုပ်ငါးပါး၊ ပဉ္စာရုံ)။

မနာယတနကို နီဝရဏလည်းမည်၍ နီဝရဏ၏ အာရုံလည်းဖြစ်၏ဟု မဆိုအပ်ချေ (စိတ်အားလုံး)။ အချို့သော မနာယတနသည် နီဝရဏ၏ အာရုံသာဖြစ်၍ နီဝရဏမမည်ချေ (လောကီစိတ်များ)။

**ဒုက်မုတ်။** ။အချို့သော မနာယတနကို နီဝရဏ၏အာရုံသာ ဖြစ်၍ နီဝရဏမမည်ဟု မဆိုအပ်ချေ (လောကုတ္တရာစိတ်)။

အချို့သော ဓမ္မာယတနသည် နီဝရဏလည်းမည်၍ နီဝရဏ၏ အာရုံလည်းဖြစ်၏ (နီဝရဏတရာ ကိုယ် ၈-ပါး)၊ အချို့သော ဓမ္မာယတနသည် နီဝရဏ၏ အာရုံသာဖြစ်၍ နီဝရဏ မမည်ချေ (နီဝရဏ တရား ကိုယ်ကြဉ်သော လောကီစိတ်၌ရှိသော စေတသိက် ၄၄-ပါး၊ သုခုမရုပ်)။

**ဒုက်မုတ်။** ။ အချို့သော ဓမ္မာယတနကို နီဝရဏလည်း မည်၍ နီဝရဏ၏ အာရုံလည်း ဖြစ်၏ဟူ၍ လည်းကောင်း၊ နီဝရဏ၏ အာရုံသာ ဖြစ်၍ နီဝရဏ မမည် ဟူ၍ လည်းကောင်း မဆိုအပ်ချေ (လောကုတ္တရာစိတ်၌ရှိသော စေတသိက်၊ နိဗ္ဗာန်)။ (ဏီ-၁၅၁၀)

**(၄၈) နီဝရဏ နီဝရဏသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့ကို နီဝရဏ လည်းမည်၍ နီဝဏနှင့်လည်း ယှဉ်ကုန်၏ ဟူ၍ လည်းကောင်း၊ နီဝရဏနှင့်သာ ယှဉ်၍ နီဝရဏ မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (ပသာဒရုပ် ငါးပါး၊ ပဉ္စာရုံ)။

မနာယတနကို နီဝရဏလည်း မည်၍ နီဝရဏနှင့်လည်း ယှဉ်၏ဟု မဆိုအပ်ချေ (စိတ်အားလုံး)။ အချို့သော မနာယတနသည် နီဝရဏနှင့်သာ ယှဉ်၍ နီဝရဏမမည်ချေ (အကုသိုလ်စိတ်များ)။

**ဒုက်မုတ်။** ။အချို့သော မနာယတနကို နီဝရဏနှင့်သာ ယှဉ်၍ နီဝရဏမမည်ဟု မဆိုအပ်ချေ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)။

အချို့သော ဓမ္မာယတနသည် နီဝရဏလည်း မည်၍ နီဝရဏနှင့်လည်း ယှဉ်၏ (နီဝရဏတရားကိုယ် ၈-ပါး)၊ အချို့သော ဓမ္မာယတနသည် နီဝရဏနှင့်သာ ယှဉ်၍ နီဝရဏ မမည်ချေ (နီဝရဏတရားကိုယ်ကြဉ်သည့် အကုသိုလ်စိတ်၌ရှိသော စေတသိက်များ)။

**ဒုက်မုတ်။** ။အချို့သော ဓမ္မာယတနကို နီဝရဏလည်း မည်၍ နီဝရဏနှင့်လည်း ယှဉ်၏ဟူ၍လည်းကောင်း နီဝရဏနှင့်သာ ယှဉ်၍ နီဝရဏမမည် ဟူ၍ လည်းကောင်း မဆိုအပ်ချေ

(နီဝရဏဝိပ္ပယုတ္တဓမ္မ= ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ ရှိသော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၅၁၂)

**(၄၉) နီဝရဏဝိပ္ပယုတ္တနီဝရဏိယဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် နီဝရဏနှင့် မယှဉ်မူ၍ နီဝရဏ၏ အာရုံသာ ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် နီဝရဏနှင့် မယှဉ်မူ၍ နီဝရဏ၏ အာရုံသာ ဖြစ်ကုန်၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် နီဝရဏနှင့်လည်း မယှဉ်မူ၍ နီဝရဏ၏ အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

**ဒုက်မုတ်။** ။အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို နီဝရဏနှင့် မယှဉ်မူ၍ နီဝရဏ၏ အာရုံသာ ဖြစ်ကုန်၏ ဟူ၍ လည်းကောင်း၊ နီဝရဏနှင့်လည်း မယှဉ်မူ၍ နီဝရဏ၏ အာရုံလည်း မဖြစ်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (နီဝရဏသမ္ပယုတ္တဓမ္မ= အကုသိုလ်စိတ္တုပ္ပါဒ်)။ (ဏီ-၁၅၁၄)

**(နီဝရဏဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ ပြီး၏)။**

------

## အာယတနဝိဘင်္ဂ

### ၉ - ပရာမာသဂေါစ္ဆက ဒုက် ၅-ခု အဖြေဝိသဇ္ဇနာ

**(၅၀) ပရာမာသဒုက် အဖြေဝိသဇ္ဇနာ။** ။(ရုပ်အာယတနဆယ်ပါး, မနာယတန) အာယတန တစ်ဆယ့်တစ်ပါးတို့သည် မှားသောအားဖြင့် သုံးသပ်မှု 'ပရာမာသ' မမည်ကုန် (ပသာဒရုပ် ငါးပါး၊ ပဉ္စာရုံ၊ စိတ်)။

အချို့သော ဓမ္မာယတနသည် ပရာမာသ မည်၏ (ဒိဋ္ဌိ)၊ အချို့သော ဓမ္မာယတနသည် ပရာမာသ မမည်ချေ (ဒိဋ္ဌိကြဉ်သော စေတသိက် ၅၁-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**(၅၁) ပရာမဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတနဆယ်ပါးတို့သည် ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံ ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ပရာမာသ၏ အာရုံ ဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံ မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

**(၅၂) ပရာမာသသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတနဆယ်ပါးတို့သည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) မယှဉ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

အချို့သော မနာယတနသည် ပရာမာသနှင့် ယှဉ်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး)၊ အချို့သော မနာယတနသည် ပရာမာသနှင့် မယှဉ်ချေ (ကြွင်းသောစိတ် ၈၅-ပါး)။ အချို့သော ဓမ္မာယတနသည် ပရာမာသနှင့် ယှဉ်၏ (ဒိဋ္ဌိကြဉ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ်၌ ရှိသော စေတသိက် ၂၀-ပါး)၊ အချို့သော ဓမ္မာယတနသည် ပရာမာသနှင့် ဒိဋ္ဌိနှင့်) မယှဉ်ချေ (ကြွင်းသောစိတ် ၈၅-ပါးနှင့် ယှဉ်သော စေတသိက်၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**ဒုက်မုတ်။** ။အချို့သော ဓမ္မာယတနကို ပရာမာသနှင့် ယှဉ်၏ဟူ၍ လည်းကောင်း, ပရာမာသနှင့် မယှဉ်ဟူ၍လည်းကောင်း မဆိုအပ်ချေ (ဒိဋ္ဌိ)။ (ဏီ-၁၅၂၀)

**(၅၃) ပရာမာသ ပရာမဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့ကို ပရာမာသလည်း မည်၍ ပရာမာသ၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ ရုပ်အာယတနဆယ်ပါးတို့သည် ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ကုန် (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

မနာယတနကို ပရာမာသလည်း မည်၍ ပရာမာသ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ။ အချို့သော မနာယတနသည် ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံသာဖြစ်၍ ပရာမာသ မမည်ချေ (လောကီစိတ်များ) ။

**ဒုက်မုတ်။** ။အချို့သော မနာယတနကို ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ဟု မဆိုအပ်ချေ (လောကုတ္တရာစိတ်)။

အချို့သော ဓမ္မာယတနသည် ပရာမာသလည်းမည်၍ ပရာမာသ၏ အာရုံလည်း ဖြစ်၏ (ဒိဋ္ဌိ)၊ အချို့ သော ဓမ္မာယတနသည် ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ချေ (ဒိဋ္ဌိကြဉ်သော လောကီစိတ်၌ရှိသော စေတသိက်များ၊ သုခုမရုပ်)။

**ဒုက်မုတ်။** ။အချို့သော ဓမ္မာယတနကို ပရာမာသလည်း မည်၍ ပရာမာသ၏ အာရုံလည်း ဖြစ်၏ ဟူ၍ လည်းကောင်း၊ ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသမမည်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (လောကုတ္တရာစိတ်၌ရှိသော စေတသိက်၊ နိဗ္ဗာန်)။ (ဏီ-၁၅၂၂)

**(၅၄) ပရာမာသဝိပ္ပယုတ္တပရာမဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတနဆယ်ပါးတို့သည် ပရာမာသနှင့် မယှဉ်မူ၍ ပရာ မာသ၏ အာရုံသာ ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဥ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) မယှဉ်မူ၍ ပရာမာသ၏ အာရုံသာဖြစ်ကုန်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်ကြဉ်သော လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ပရာမာသနှင့်လည်း မယှဉ်မူ၍ ပရာမာသ၏ အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

**ဒုက်မုတ်။** ။အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) မယှဉ်မူ၍ ပရာမာသ၏ အာရုံသာ ဖြစ်ကုန်၏ ဟူ၍ လည်းကောင်း, ပရာမာသ နှင့်လည်း မယှဉ်မူ၍ ပရာမာသ၏ အာရုံလည်း မဖြစ်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (ပရာမာသ, ပရာမာသသမ္ပယုတ္တဓမ္မ= ဒိဋ္ဌိ , ဒိဋ္ဌိဂတ သမ္ပယုတ်စိတ္တုပ္ပါဒ်)။ (ဏီ-၁၅၂၄)

**(ပရာမာသဂေါစ္ဆက ဒုက် ၅-ခု အဖြေဝိသဇ္ဇနာ ပြီး၏)။**

------

# အာယတနဝိဘင်္ဂ

## ၁၀ - မဟန္တရဒုက် ၁၄-ခု အဖြေဝိသဇ္ဇနာ

**(၅၅) သာရမ္မဏဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် အာရုံပြုခြင်း သဘော မရှိကုန် (အာရုံမပြုတတ်ချေ) (ပသာဒရုပ် ငါးပါး၊ ပဥ္စာရုံ)။

မနာယတနသည် (စိတ်သည်) အာရုံပြုခြင်း သဘောရှိ၏ (အာရုံပြုတတ်၏)။

အချို့သော ဓမ္မာယတနသည် အာရုံပြုခြင်း သဘောရှိ၏ (အာရုံပြုတတ်၏) (စေတသိက်များ)၊ အချို့သော ဓမ္မာယတနသည် အာရုံပြုခြင်း သဘောမရှိချေ (အာရုံမပြုတတ်ချေ) (သုခုမရုပ်၊ နိဗ္ဗာန်)။

**(၅၆) စိတ္တဒုက် အဖြေဝိသဇ္ဇနာ။** ။မနာယတနသည် စိတ်မည်၏၊ (ကြွင်းသော) အာယတန တစ်ဆယ့်တစ်ပါးတို့သည် စိတ်မမည်ကုန်။

**(၅၇)စေတသိကဒုက် အဖြေဝိသဇ္ဇနာ။** ။(ရုပ်အာယတနဆယ်ပါး, မနာယတန) အာယတန တစ်ဆယ့်တစ်ပါးတို့သည် စိတ်နှင့်အတူ ယှဉ်တွဲသော သဘော ‘စေတသိက်’ မမည်ကုန်။

အချို့သော ဓမ္မာယတနသည် စေတသိက်မည်၏ (စေတသိက် ၅၂-ပါး)၊ အချို့သော ဓမ္မာယတန သည် စေတသိက်မမည်ချေ (သုခုမရုပ်၊ နိဗ္ဗာန်)။

**(၅၈) စိတ္တသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် စိတ်နှင့် မယှဉ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဥ္စာရုံ)။

အချို့သော ဓမ္မာယတနသည် စိတ်နှင့်ယှဉ်၏ (စေတသိက် ၅၂-ပါး)၊အချို့သော ဓမ္မာယတနသည် စိတ်နှင့်မယှဉ်ချေ (သုခုမရုပ်၊ နိဗ္ဗာန်)။

**ဒုက်မှတ်။** ။မနာယတနကို စိတ်နှင့်ယှဉ်၏ ဟူ၍ လည်းကောင်း စိတ်နှင့် မယှဉ်ဟူ၍ လည်းကောင်း မဆိုအပ်ချေ။ (ဏီ-၁၅၃၂)

**(၅၉) စိတ္တသံသဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် စိတ်နှင့် မရောနှော ကုန် (စိတ်နှင့် မယှဉ်ကုန်)။

အချို့သော ဓမ္မာယတနသည် စိတ်နှင့်ရောနှော၏ (ယှဉ်၏) (စေတသိက်၅၂-ပါး)၊ အချို့သော ဓမ္မာ ယတနသည် စိတ်နှင့် မရောနှောချေ (မယှဉ်ချေ) (သုခုမရုပ်၊ နိဗ္ဗာန်)။

**ဒုက်မှတ်။** ။မနာယတနကို စိတ်နှင့် ရောနှော၏ (ယှဉ်၏) ဟူ၍ လည်းကောင်း စိတ်နှင့် မရောနှော (မယှဉ်) ဟူ၍ လည်းကောင်း မဆိုအပ်ချေ။ (ဏီ-၁၅၃၄)

**(၆၀) စိတ္တသမုဋ္ဌာနဒုက် အဖြေဝိသဇ္ဇနာ။** ။(အတွင်းအာယတနခြောက်ပါးဖြစ်သော ရုပ်အာယတနငါးပါးနှင့် မနာယတန) အာယတန ခြောက်ပါးတို့သည် စိတ်ကြောင့် မဖြစ်ကုန် (ပသာဒရုပ်ငါးပါး၊ စိတ်)။

အချို့သော (အပြင်အာယတန ခြောက်ပါးဖြစ်သော ရုပ်အာယတနငါးပါးနှင့် ဓမ္မာယတန) အာယတန ခြောက်ပါးတို့သည် စိတ်ကြောင့် ဖြစ်ကုန်၏ (စေတသိက် ၅၂-ပါး၊ စိတ်ကြောင့်ဖြစ်သော ပဉ္စာရုံနှင့် သုခုမရုပ်များ)၊ အချို့သော (အပြင်ရုပ်အာယတန ငါးပါးနှင့် ဓမ္မာယတန) အာယတန ခြောက်ပါးတို့သည် စိတ်ကြောင့် မဖြစ်ကုန် (စိတ္တဇရုပ်မှ တစ်ပါးသော တိဇပဉ္စာရုံ၊ စိတ်ကြောင့်မဖြစ်သည့် သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၅၃၅၊ ၁၅၃၆) (ဏီ-၁၅၄၇၊ ၁၅၄၈)

**(၆၁) စိတ္တသဟဘုဒုက် အဖြေဝိသဇ္ဇနာ။** ။(ရုပ်အာယတနဆယ်ပါးနှင့် မနာယတန) အာယတန တစ်ဆယ့်တစ်ပါးတို့သည် စိတ်နှင့်တကွ မဖြစ်ကုန် (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ) (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ၊ စိတ်)။

အချို့သော ဓမ္မာယတနသည် စိတ်နှင့်တကွ ဖြစ်၏ (စိတ်နှင့် အတူဖြစ် အတူပျက် ဖြစ်၏) (စေတသိက် ၅၂-ပါး၊ ဝိညတ်ဒွေး)၊ အချို့သော ဓမ္မာယတနသည် စိတ်နှင့်တကွ မဖြစ်ချေ (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ) (ဝိညတ်ဒွေကြဉ်သော ကြွင်းသောသုခုမရုပ် ၁၄-ပါး၊ နိဗ္ဗာန်)။ (ဏီ-၁၅၃၇၊ ၁၅၃၈)

**(၆၂) စိတ္တာနုပရိဝတ္တိဒုက် အဖြေဝိသဇ္ဇနာ။** ။(ရုပ်အာယတနဆယ်ပါး, မနာယတန) အာယတန တစ်ဆယ့်တစ်ပါးတို့သည် စိတ်သို့အစဉ်လိုက်၍ မဖြစ်ကုန် (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ကုန်) (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ၊ စိတ်)။

အချို့သော ဓမ္မာယတနသည် စိတ်သို့ အစဉ်လိုက်၍ ဖြစ်၏ (စိတ်နှင့်အတူဖြစ် အတူပျက် ဖြစ်၏) (စေတသိက် ၅၂-ပါး၊ ဝိညတ်ဒွေ)၊ အချို့သော ဓမ္မာယတနသည် စိတ်သို့ အစဉ်လိုက်၍ မဖြစ်ချေ (စိတ်နှင့်အတူဖြစ် အတူပျက် မဟုတ်ချေ) (ဝိညတ်ဒွေကြဉ်သော သုခုမရုပ် ၁၄-ပါး၊ နိဗ္ဗာန်)။ (ဏီ-၁၅၃၉၊ ၁၅၄၀)

**(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက် အဖြေဝိသဇ္ဇနာ။** ။(ရုပ်အာယတနဆယ်ပါး,မနာယတန) အာယတန တစ်ဆယ့်တစ်ပါးတို့သည် စိတ်နှင့်လည်း မနှီးနှော မရောနှောမူ၍ (စိတ်နှင့်လည်း မယှဉ်မူ၍) စိတ်ကြောင့်လည်း မဖြစ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ၊ စိတ်)။

အချို့သော ဓမ္မာယတနသည် စိတ်နှင့်လည်း ရောနှော၍ (စိတ်နှင့်လည်း ယှဉ်၍) စိတ်ကြောင့်လည်း ဖြစ်၏ (စေတသိက် ၅၂-ပါး)၊ အချို့သော ဓမ္မာယတနသည် စိတ်နှင့်လည်း မရောနှောမူ၍ (စိတ်နှင့်လည်း မယှဉ်မူ၍) စိတ်ကြောင့်လည်း မဖြစ်ချေ (သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၅၄၁၊ ၁၅၄၂)

**(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟာဘုဒုက် အဖြေဝိသဇ္ဇနာ။**

။(ရုပ်အာယတနဆယ်ပါး, မနာယတန) အာယတနတစ်ဆယ့်တစ်ပါးတို့သည် စိတ်နှင့်လည်း မနှီးနှော မရောနှောမှု၍ (စိတ်နှင့်လည်း မယှဉ်မှု၍) စိတ်ကြောင့်လည်း မဖြစ်မှု၍ စိတ်နှင့်လည်းတကွ မဖြစ်ကုန် (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ကုန်) (ပသာဒရုပ်ငါးပါး၊ ပဥ္စာရုံ၊ စိတ်)။

အချို့သော ဓမ္မာယတနသည် စိတ်နှင့်လည်း ရောနှော၍ (စိတ်နှင့်လည်း ယှဉ်၍) စိတ်ကြောင့်လည်း ဖြစ်၍ စိတ်နှင့်လည်း တကွဖြစ်၏ (စိတ်နှင့်လည်း အတူဖြစ် အတူပျက် ဖြစ်၏) (စေတသိက် ၅၂-ပါး)၊ အချို့သော ဓမ္မာယတနသည် စိတ်နှင့်လည်း မရောနှောမှု၍ (မယှဉ်မှု၍) စိတ်ကြောင့်လည်း မဖြစ်မှု၍ စိတ်နှင့်လည်းတကွ မဖြစ်ချေ (စိတ်နှင့်လည်း အတူဖြစ် အတူပျက် မဟုတ်ချေ) (သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၅၄၃၊ ၁၅၄၄)

**(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက် အဖြေဝိသဇ္ဇနာ။**

။(ရုပ်အာယတနဆယ်ပါး, မနာယတန) အာယတန တစ်ဆယ့်တစ်ပါးတို့သည် စိတ်နှင့်လည်း မနှီးနှော မရောနှောမှု၍ (စိတ်နှင့်လည်း မယှဉ်မှု၍) စိတ်ကြောင့်လည်း မဖြစ်မှု၍ စိတ်သို့လည်း အစဉ်လိုက်၍ မဖြစ်ကုန် (စိတ်နှင့်အတူဖြစ် အတူပျက် မဟုတ်ကုန်) (ပသာဒရုပ်ငါးပါး၊ ပဥ္စာရုံ၊ စိတ်)။

အချို့သော ဓမ္မာယတနသည် စိတ်နှင့်လည်း နှီးနှောရောနှော၍ (စိတ်နှင့်လည်းယှဉ်၍) စိတ်ကြောင့်လည်းဖြစ်၍ စိတ်သို့လည်း အစဉ်လိုက်၍ ဖြစ်၏ (စေတသိက် ၅၂-ပါး)၊ အချို့သော ဓမ္မာယတနသည် စိတ်နှင့်လည်း မနှီးနှော မရောနှောမှု၍ (စိတ်နှင့်လည်း မယှဉ်မှု၍) စိတ်ကြောင့်လည်း မဖြစ်မှု၍ စိတ်သို့လည်း အစဉ်လိုက်၍ မဖြစ်ချေ (စိတ်နှင့်အတူဖြစ် အတူပျက် မဟုတ်ချေ) (သုခုမရုပ်၊ နိဗ္ဗာန်)။(ဏီ-၁၅၄၅၊ ၁၅၄၆)

**(၆၆) အဇ္ဈတ္တိကဒုက် အဖြေဝိသဇ္ဇနာ။**

။(စက္ခာယတန။ပ။ ကာယာယတန, မနာယတန) အာယတန ခြောက်ပါးတို့သည် အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ စိတ်)၊ (ရူပါယတန။ပ။ ဖောဋ္ဌဗ္ဗာယတန၊ ဓမ္မာယတန) အာယတန ခြောက်ပါးတို့သည် အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်ကုန်၏ (အာရုံငါးပါး၊ စေတသိက် ၅၂-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၅၄၇, ၁၅၄၈)

**(၆၇) ဥပါဒါဒုက် အဖြေဝိသဇ္ဇနာ။**

။(ဖောဋ္ဌဗ္ဗာယတနကြဉ်သောရုပ်အာယတန) အာယတန ကိုးပါးတို့သည် မဟာဘုတ်ကို မှီ၍ ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ဖောဋ္ဌဗ္ဗာရုံကြဉ်သော အာရုံ ၄-ပါး)။

(ဖောဋ္ဌဗ္ဗာယတန, မနာယတန) အာယတနနှစ်ပါးတို့သည် မဟာဘုတ်ကို မှီ၍ မဖြစ်ကုန် (ဥပါဒါရုပ် မမည်ကုန်) (ပထဝီ, တေဇော, ဝါယော၊ စိတ်)။ အချို့သော ဓမ္မာယတနသည် မဟာဘုတ်ကို မှီ၍ ဖြစ်၏ (အာပေါ်ကြဉ်သော သုခုမရုပ် ၁၅-ပါး)၊ အချို့သော ဓမ္မာယတနသည် မဟာဘုတ်ကို မှီ၍ မဖြစ်ချေ (အာပေါ၊ စေတသိက် ၅၂-ပါး၊ နိဗ္ဗာန်)။ (ဏီ-၁၅၅၀)

**(၆၈) ဥပါဒိဏ္ဏဒုက် အဖြေဝိသဇ္ဇနာ။** ။(စက္ခာယတန။ပ။ကာယာယတန) အာယတနငါးပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သော တရားဖြစ်ကုန်၏ (တဏှာဒိဋ္ဌိတို့ အာရုံပြုသည့် ကံကြောင့် ဖြစ်ကုန်၏) (ဥပါဒိဏ္ဏ မည်ကုန်၏) (ကမ္မဇရုပ်ဖြစ်သော ပသာဒရုပ်ငါးပါး)။

သဒ္ဒါယတနသည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်ချေ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်ချေ) (ကမ္မဇရုပ် မဟုတ်ချေ) (ဥပါဒိဏ္ဏမမည်ချေ)။

အချို့သော (ရူပါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန, မနာယတန, ဓမ္မာယတန) အာယတနခြောက်ပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သော တရား ဖြစ်ကုန်၏ (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံကြောင့် ဖြစ်ကုန်၏) (ဥပါဒိဏ္ဏမည်ကုန်၏) (လောကီဝိပါက်စိတ္တုပ္ပါဒ်၊ ပသာဒရုပ်ငါးပါးမှ ကြွင်းသော ကမ္မဇရုပ်များ)၊ အချို့သော အာယတနခြောက်ပါးတို့သည် ကံကြောင့် မဖြစ်ကုန် (ဥပါဒိဏ္ဏမမည်ကုန်) (ကုသိုလ်, အကုသိုလ်, ကြိယာ, ဖိုလ်စိတ္တုပ္ပါဒ်၊ ကမ္မဇရုပ်မှတစ်ပါးသော တိဇရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၅၅၂)

**(မဟန္တရဒုက် ၁၄-ခု အဖြေ ဝိသဇ္ဇနာ ပြီး၏)။**

------

# အာယတနဝိဘင်္ဂ

## ၁၁ - ဥပါဒိန္နဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ

**(၆၉) ဥပါဒိန္နဒုက် အဖြေဝိသဇ္ဇနာ။** ။(ရုပ်အာယတန ဆယ်ပါး, မနာယတန) အာယတန တစ်ဆယ့်တစ်ပါးတို့သည် ပြင်းစွာစွဲလမ်းတတ်သော 'ဥပါဒိန်' မမည်ကုန် (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ၊ စိတ်)။

အချို့သော ဓမ္မာယတနသည် ဥပါဒိန်မည်၏ (လောဘ, ဒိဋ္ဌိ)၊ အချို့သော ဓမ္မာယတနသည် ဥပါဒိန် မမည်ချေ (ကြွင်းသောစေတသိက် ၅၀၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**(၇၀) ဥပါဒိနိယဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် ဥပါဒိန်၏ (လောဘ, ဒိဋ္ဌိတို့၏) အာရုံဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဥပါဒိန်၏ အာရုံ ဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ဥပါဒိန်၏ (လောဘ, ဒိဋ္ဌိတို့၏) အာရုံ မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။ (ဏီ-၁၅၅၅, ၁၅၅၆)

**(၇၁) ဥပါဒိန္နသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် ဥပါဒိန်နှင့် မယှဉ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဥပါဒိန်နှင့် (လောဘ, ဒိဋ္ဌိတို့နှင့်) ယှဉ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ ရှိသော လောဘကြဉ်သော လောဘမူစိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဥပါဒိန်နှင့် မယှဉ်ကုန် (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး၌ ရှိသော လောဘ၊ လောဘမူစိတ္တုပ္ပါဒ်မှ ကြွင်းသော စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**(၇၂) ဥပါဒါန ဥပါဒါနိယဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့ကို ဥပါဒိန်လည်း မည်၍ ဥပါဒိန်၏ အာရုံလည်း ဖြစ်ကုန်၏ဟူ၍ မဆိုအပ်ကုန်၊ ရုပ်အာယတန ဆယ်ပါးတို့သည် ဥပါဒိန်၏ အာရုံသာဖြစ်၍ ဥပါဒိန် မမည်ကုန် (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။

မနာယတနကို ဥပါဒိန်လည်း မည်၍ ဥပါဒိန်၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ (စိတ်)။ အချို့သော မနာယတနသည် ဥပါဒိန်၏ (လောဘ, ဒိဋ္ဌိတို့၏) အာရုံသာဖြစ်၍ ဥပါဒိန် မမည်ချေ (လောကီစိတ်များ)။

**ဒုက်မုတ်။** ။အချို့သော မနာယတနကို ဥပါဒိန်၏ အာရုံသာဖြစ်၍ ဥပါဒိန် မမည်ဟု မဆိုအပ်ချေ (လောကုတ္တရာစိတ်)။

အချို့သော ဓမ္မာယတနသည် ဥပါဒိန်လည်း မည်၍ ဥပါဒိန်၏ အာရုံလည်း ဖြစ်၏ (လောဘ, ဒိဋ္ဌိ)၊အချို့သော ဓမ္မာယတနသည် ဥပါဒိန်၏ အာရုံသာ ဖြစ်၍ ဥပါဒိန် မမည်ချေ (လောဘ, ဒိဋ္ဌိကြဉ်သော လောကီစိတ်၌ ရှိသော စေတသိက်များ၊ သုခုမရုပ်)။

**ဒုက်မုတ်။** ။အချို့သော ဓမ္မာယတနကို ဉပါဒါန်လည်း မည်၍ ဉပါဒါန်၏ အာရုံလည်း ဖြစ်၏ဟူ၍ လည်းကောင်း၊ ဉပါဒါန်၏ အာရုံသာ ဖြစ်၍ ဉပါဒါန် မမည်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (လောကုတ္တရာစိတ်၌ရှိသော စေတသိက်များ၊ နိဗ္ဗာန်)။ (ဏီ-၁၅၆၀)

**(၇၃) ဉပါဒါနဉပါဒါနသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့ကို ဉပါဒါန် လည်းမည်၍ဉပါဒါန်နှင့်လည်း ယှဉ်ကုန်၏ ဟူ၍ လည်းကောင်း, ဉပါဒါန်နှင့်သာ ယှဉ်၍ ဉပါဒါန် မမည်ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဥ္စာရုံ)။

မနာယတနကို ဉပါဒါန်လည်း မည်၍ ဉပါဒါန်နှင့်လည်း ယှဉ်၏ဟု မဆိုအပ်ချေ (စိတ်)။ အချို့သော မနာယတနသည် ဉပါဒါန်နှင့် (လောဘ, ဒိဋ္ဌိတို့နှင့်)သာ ယှဉ်၍ ဉပါဒါန်မမည်ချေ (လောဘ မူစိတ် ၈-ပါး)။

**ဒုက်မုတ်။** ။အချို့သော မနာယတနကို ဉပါဒါန်နှင့်သာ ယှဉ်၍ ဉပါဒါန် မမည်ဟု မဆိုအပ်ချေ (ဉပါဒါန ဝိပ္ပယုတ္တစိတ်= လောဘမူစိတ်တို့မှ တစ်ပါးကြွင်းသော စိတ်များ)။

အချို့သော ဓမ္မာယတနသည် ဉပါဒါန်လည်းမည်၍ ဉပါဒါန်နှင့်လည်း ယှဉ်၏ (ဒိဋ္ဌိဂတသမ္ပယုတ် စိတ်၌ရှိသော လောဘနှင့်ဒိဋ္ဌိ)၊ အချို့သော ဓမ္မာယတနသည် ဉပါဒါန်နှင့်သာ ယှဉ်၍ ဉပါဒါန် မမည်ချေ (လောဘ, ဒိဋ္ဌိကြဉ်သည့် လောဘမူစိတ်၌ရှိသော စေတသိက်များ)။

**ဒုက်မုတ်။** ။အချို့သော ဓမ္မာယတနကို ဉပါဒါန်လည်း မည်၍ ဉပါဒါန်နှင့်လည်း ယှဉ်၏ ဟူ၍ လည်းကောင်း၊ ဉပါဒါန်နှင့်သာ ယှဉ်၍ ဉပါဒါန် မမည်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (ဉပါဒါန်နှင့်မယှဉ်သော စိတ်တို့၌ ရှိသော စေတသိက်များ = လောဘမူစိတ်မှတစ်ပါး ကြွင်းသော စိတ်တို့ ၌ရှိသော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၅၆၂)

**(၇၄) ဉပါဒါနဝိပ္ပယုတ္တ ဉပါဒါနိယဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတနဆယ်ပါးတို့သည် ဉပါဒါန်နှင့် မယှဉ်မူ၍ ဉပဒါန်၏ (လောဘ, ဒိဋ္ဌိတို့၏) အာရုံသာ ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဥ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဉပါဒါန်နှင့် မယှဉ်မူ၍ ဉပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ရှိသော လောဘ၊ လောဘမူစိတ္တုပ္ပါဒ်မှ တစ်ပါး ကြွင်းသော လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ သည် ဉပါဒါန်နှင့်လည်း မယှဉ်မူ၍ ဉပါဒါန်၏ အာရုံလည်း မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

**ဒုက်မုတ်။** ။အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို ဉပါဒါန်နှင့် မယှဉ်မူ၍ ဉပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏ ဟူ၍ လည်းကောင်း၊ ဉပါဒါန်နှင့်လည်း မယှဉ်မူ၍ ဉပါဒါန်၏ အာရုံလည်း မဖြစ်ကုန် ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (ဉပါဒါနသမ္ပယုတ္တဓမ္မ = ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ်၌ ရှိသော လောဘကြဉ်သည့် လောဘမူ စိတ္တုပ္ပါဒ်)။ (ဏီ-၁၅၆၃)

**(ဉပါဒါနဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ ပြီး၏)။**

------

# အာယတနဝိဘင်္ဂ

## ၁၂ - ကိလေသ ဂေါစ္ဆကဒုက် ၈-ခု အဖြေဝိသဇ္ဇနာ

**(၇၅) ကိလေသ ဂေါစ္ဆကဒုက် အဖြေဝိသဇ္ဇနာ။** ။(ရုပ်အာယတနဆယ်ပါး,မနာယတန) အာယတနတစ်ဆယ့်တစ်ပါးတို့သည် ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေတတ်သော ကိလေသာ မမည်ကုန် (ပသာဒရုပ် ၅-ပါး၊ ပဋ္ဌာရုံ၊ စိတ်)။

အချို့သော ဓမ္မာယတနသည် ကိလေသာမည်၏ (ကိလေသာတရားကိုယ် ၁၀-ပါး)၊ အချို့သော ဓမ္မာယတနသည် ကိလေသာ မမည်ချေ (ကိလေသာတရား ကိုယ်၁၀-ပါးကြဉ်သော ကြွင်းသော စေတသိက် ၄၂-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**(၇၆) သံကိလေသိကဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် ကိလေသာ၏ အာရုံ ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ကိလေသာ၏ အာရုံ ဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ကိလေသာ၏ အာရုံမဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

**(၇၇) သံကိလိဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် ကိလေသာတို့ ပူပန်စေအပ် နှိပ်စက်အပ်သော တရားမဟုတ်ကုန် (ကိလေသာတို့နှင့် မယှဉ် ကုန်) (ပသာဒရုပ် ၅-ပါး၊ ပဋ္ဌာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ကိလေသာတို့ ပူပန်စေအပ် နှိပ်စက်အပ်သော တရားဖြစ်ကုန်၏ (ကိလေသာနှင့် ယှဉ်ကုန်၏) (အကုသိုလ်စိတ္တုပ္ပါဒ်များ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ကိလေသာတို့ ပူပန်စေအပ် နှိပ်စက်အပ်သော တရားမဟုတ်ကုန် (ကိလေသာနှင့် မယှဉ်ကုန်) (ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**(၇၈) ကိလေသသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် ကိလေသာနှင့် မယှဉ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ကိလေသာနှင့် ယှဉ်ကုန်၏ (အကုသိုလ် စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ကိလေသာနှင့် မယှဉ်ကုန် (ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**(၇၉)ကိလေသ သံကိလေသိကဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့ကို ကိလေသာလည်း မည်၍ ကိလေသာ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ကုန်၊ ရုပ်အာယတန ဆယ်ပါးတို့သည် ကိလေသာ၏ အာရုံသာ ဖြစ်၍ ကိလေသာ မမည်ကုန် (ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး)။

မနာယတနကို ကိလေသာလည်း မည်၍ ကိလေသာ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ။ အချို့သော မနာယတနသည် ကိလေသာ၏ အာရုံသာ ဖြစ်၍ ကိလေသာ မမည်ချေ (လောကီစိတ်)။

**ဒုက်မုတ်။** ။အချို့သော မနာယတနကို ကိလေသာ၏ အာရုံသာ ဖြစ်၍ ကိလေသာ မမည်ဟု မဆိုအပ်ချေ (လောကုတ္တရာစိတ်)။

အချို့သော ဓမ္မာယတနသည် ကိလေသာလည်း မည်၍ ကိလေသာ၏ အာရုံလည်း ဖြစ်၏ (ကိလေသာဆယ်ပါး)၊ အချို့သော ဓမ္မာယတနသည် ကိလေသာ၏ အာရုံသာ ဖြစ်၍ ကိလေသာ မမည်ချေ (ကိလေသာ တရားကိုယ်ကြဉ်သော လောကီစိတ်၌ရှိသော စေတသိက်များ၊ သုခုမရုပ်)။

**ဒုက်မုတ်။** ။အချို့သော ဓမ္မာယတနကို ကိလေသာလည်း မည်၍ ကိလေသာ၏ အာရုံလည်း ဖြစ်၏ ဟူ၍ လည်းကောင်း, ကိလေသာ၏ အာရုံသာ ဖြစ်၍ ကိလေသာ မမည် ဟူ၍ လည်းကောင်း မဆိုအပ်ချေ (လောကုတ္တရာ စိတ်၌ရှိသော စေတသိက်၊ နိဗ္ဗာန်)။ (ဏီ-၁၅၇၄)

**(၈၀) ကိလေသ သံကိလိဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့ကို ကိလေသာလည်း မည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်ကုန်၏ ဟူ၍ လည်းကောင်း (ကိလေသာနှင့်သာ ယှဉ်၏ ဟူ၍ လည်းကောင်း)၊ ကိလေသာတို့သည် ပူပန်စေအပ်၍ (ကိလေသာနှင့်သာ ယှဉ်၍) ကိလေသာ မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

မနာယတနကို ကိလေသာလည်း မည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်၏ဟု (ကိလေသာနှင့် ယှဉ်၏ဟု) မဆိုအပ်ချေ။

အချို့သော မနာယတနသည် ကိလေသာတို့သည် ပူပန်စေ အပ်၍ (ကိလေသာနှင့်သာ ယှဉ်၍) ကိလေသာ မမည်ချေ (အကုသိုလ်စိတ်)။

**ဒုက်မုတ်။** ။ အချို့သော မနာယတနကို ကိလေသာတို့သည် ပူပန်စေအပ်၍ (ကိလေသာနှင့်ယှဉ်၍) ကိလေသာ မမည်ဟု မဆိုအပ်ချေ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)။

အချို့သော ဓမ္မာယတနသည် ကိလေသာလည်း မည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်၏ (ကိလေသာနှင့်ယှဉ်၏) (ကိလေသာဆယ်ပါး)၊ အချို့သော ဓမ္မာယတနသည် ကိလေသာတို့သည် ပူပန်စေအပ်၍ (ကိလေသာနှင့်ယှဉ်၍) ကိလေသာ မမည်ချေ (ကိလေသာတရား ကိုယ်ကြဉ်သော အကုသိုလ်စိတ်တို့၌ ရှိသော စေတသိက်များ)။

**ဒုက်မုတ်။** ။ အချို့သော ဓမ္မာယတနကို ကိလေသာလည်း မည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်၏ (ကိလေသာနှင့်ယှဉ်၏) ဟူ၍ လည်းကောင်း၊ ကိလေသာတို့သည် ပူပန်စေအပ်၍ (ကိလေသာနှင့်သာယှဉ်၍) ကိလေသာ မမည်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (အသံကိလိဋ္ဌဓမ္မ= ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ ရှိသော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၅၇၆)

**(၈၁) ကိလေသ ကိလေသသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့ကို ကိလေသာလည်း မည်၍ ကိလေသာနှင့်လည်း ယှဉ်ကုန်၏ ဟူ၍ လည်းကောင်း၊ ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာ မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး)။

မနာယတနကို ကိလေသာလည်း မည်၍ ကိလေသာနှင့်လည်း ယှဉ်၏ဟု မဆိုအပ်ချေ။ အချို့သော မနာယတနသည် ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာ မမည်ချေ (အကုသိုလ်စိတ်များ)။

**ဒုက်မူတ်။** ။ အချို့သော မနာယတနကို ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာ မမည်ဟု မဆိုအပ်ချေ (ကိလေသဝိပ္ပယုတ္တဓမ္မ= ကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)။ (ဏီ-၁၅၇၈)

အချို့သော ဓမ္မာယတနသည် ကိလေသာလည်း မည်၍ ကိလေသာနှင့်လည်း ယှဉ်၏ (ကိလေသာ ဆယ်ပါး)၊ အချို့သော ဓမ္မာယတနသည် ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာ မမည်ချေ (ကိလေသာ တရားကိုယ်ကြဉ်သည့် အကုသိုလ်စိတ်၌ ရှိသော စေတသိက်များ)။

**ဒုက်မူတ်။** ။အချို့သော ဓမ္မာယတနကို ကိလေသာလည်း မည်၍ ကိလေသာနှင့်လည်း ယှဉ်၏ဟူ၍ လည်းကောင်း၊ ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာ မမည်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (ကိလေသဝိပ္ပယုတ္တဓမ္မ= ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၅၇၈)

**(၈၂) ကိလေသဝိပ္ပယုတ္တ သံကိလေသိကဒုက် အဖြေဝိသဇ္ဇနာ။** ။ ရုပ်အာယတန ဆယ်ပါးတို့သည် ကိလေသာနှင့် မယှဉ်မူ၍ ကိလေ သာ၏အာရုံသာ ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏ အာရုံသာ ဖြစ်ကုန်၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ကိလေသာနှင့်လည်း မယှဉ်မူ၍ ကိလေသာ၏ အာရုံလည်း မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

**ဒုက်မူတ်။** ။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏ အာရုံသာ ဖြစ်၏ ကုန်ဟူ၍ လည်းကောင်း, ကိလေသာနှင့် လည်း မယှဉ်မူ၍ ကိလေသာ၏ အာရုံလည်း မဖြစ်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (ကိလေသ သမ္ပယုတ္တဓမ္မ= အကုသိုလ် စိတ္တုပ္ပါဒ်)။ (ဏီ-၁၅၈၀)

**(ကိလေသဂေါစ္ဆကဒုက် ၈-ခု အဖြေဝိသဇ္ဇနာ ပြီး၏)။**

------

# အာယတနဝိဘင်

## ၁၃ - ပိဋ္ဌိဒုက် ၁၈-ခု အဖြေဝိသဇ္ဇနာ

**(၈၃) ဒဿနေနပဟာတဗ္ဗဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတနဆယ်ပါးတို့ကို (နိဗ္ဗာန်ကို ရှေးဦးစွာမြင်သဖြင့် 'ဒဿန'မည်သော) သောတာပတ္တိမဂ်သည် မပယ်အပ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့ကို သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်၏(ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်၊ ဝိစိကိစ္ဆာစိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော တရား မဟုတ်ကုန် (ကြွင်းသော စိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**(၈၄) ဘာဝနာယပဟာတဗ္ဗဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့ကို (သောတာပတ္တိမဂ်မြင်ပြီး ဖြစ်သော နိဗ္ဗာန်ကို တစ်ဖန်ထပ်၍မြင်သဖြင့် 'ဘာဝနာ' မည်သော) အထက်မဂ်သုံးပါးတို့သည် မပယ်အပ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို အထက်မဂ်သုံးပါးတို့သည် ပယ်အပ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်, ဒေါသမူဒွေး, ဥဒ္ဓစ္စသဟဂုတ် စိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို အထက်မဂ်သုံးပါးတို့သည် မပယ်အပ်ကုန် (ကြွင်းသော စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**(၈၅) ဒဿနေန ပဟာတဗ္ဗဟေတုကဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတနဆယ်ပါးတို့သည် (ဒဿန မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်မရှိကုန် (ဟိတ်နှင့်မယှဉ်ကုန်) (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိကုန်၏ (ဟိတ်နှင့် ယှဉ်ကုန်၏) (ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်၊ မောဟကြဉ်သော ဝိစိကိစ္ဆာသဟဂုတ်စိတ္တုပ္ပါဒ်)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်မရှိကုန် (ဟိတ်နှင့်မယှဉ်ကုန်) (ဝိစိကိစ္ဆာစိတ်၌ရှိသော မောဟ၊ ကြွင်းသော စိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**(၈၆)ဘာဝနာယပဟာတဗ္ဗဟေတုကဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတနဆယ်ပါးတို့သည် (ဘာဝနာ မည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ် မရှိကုန် (ဟိတ်နှင့်မယှဉ်ကုန်) (ပသာဒရုပ် ၅-ပါး၊ ပဉ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် အထက်မဂ် သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိကုန်၏ (ဟိတ်နှင့် ယှဉ်ကုန်၏) (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ္တုပ္ပါဒ်၊ ဒေါသမူဒွေစိတ္တုပ္ပါဒ်, မောဟကြဉ်သည့် ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ် မရှိကုန် (ကြွင်းသောစိတ္တုပ္ပါဒ်များ၊ ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**(၈၇) သဝိတက္ကဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတနဆယ်ပါးတို့သည် ဝိတက်မရှိကုန်(ဝိတက်နှင့် မယှဉ်ကုန်) (ပသာဒရုပ် ၅-ပါး၊ အာရုံ ၅-ပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဝိတက် ရှိကုန်၏ (ဝိတက်နှင့် ယှဉ်ကုန်၏) (သဝိတက္ကစိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဝိတက် မရှိကုန် (ဝိတက်နှင့် မယှဉ်ကုန်) (ကြွင်းသော စိတ္တုပ္ပါဒ်များ၊ သဝိတက္ကစိတ် ၅၅-ပါး၌ရှိသော ဝိတက် ၅၅-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၅၉၀)

**(၈၈) သဝိစာရဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတနဆယ်ပါးတို့သည် ဝိစာရ မရှိကုန် (ဝိစာရနှင့် မယှဉ်ကုန်) (ပသာဒရုပ် ၅-ပါး၊ အာရုံ ၅-ပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ဝိစာရ ရှိကုန်၏ (ဝိစာရနှင့် ယှဉ်ကုန်၏) (ဝိစာရကြဉ်သော သဝိစာရစိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ဝိစာရမရှိကုန် (ဝိစာရနှင့်မယှဉ်ကုန်) (ကြွင်းသော စိတ္တုပ္ပါဒ်များ၊ သဝိစာရစိတ် ၆၆-ပါး၌ ရှိသော ဝိစာရ ၆၆-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၅၉၂)

**(၈၉) သပ္ပီတိကဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် ပီတိမရှိကုန် (ပီတိနှင့် မယှဉ်ကုန်) (ပသာဒရုပ် ငါးပါး၊ ပဉ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ပီတိ ရှိကုန်၏ (ပီတိနှင့် ယှဉ်ကုန်၏) (သပ္ပီတိကစိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ပီတိ မရှိကုန် (ပီတိနှင့် မယှဉ်ကုန်) (ကြွင်းသောစိတ္တုပ္ပါဒ်များ၊ သပ္ပီတိက စိတ် ၅၁-ပါး၌ရှိသော ပီတိ ၅၁-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၅၉၄)

**(၉၀) ပီတိသဟဂတဒုက် အဖြေဝိသဇ္ဇနာ။** ။ ရုပ်အာယတန ဆယ်ပါးတို့သည် ပီတိနှင့်တကွ မဖြစ်ကုန် (ပီတိနှင့် မယှဉ်ကုန်)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ပီတိနှင့်တကွ ဖြစ်ကုန်၏ (ပီတိနှင့် ယှဉ်ကုန်၏)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ပီတိနှင့်တကွ မဖြစ်ကုန် (ပီတိနှင့်မယှဉ်ကုန်)။ (သပ္ပီတိကဒုက်ကြည့်) (ဏီ-၁၅၉၆)

**(၉၁) သုခသဟဂတဒုက် အဖြေဝိသဇ္ဇနာ။** ။ ရုပ်အာယတန ဆယ်ပါးတို့သည် သုခဝေဒနာနှင့်တကွ မဖြစ်ကုန် (သုခဝေဒနာနှင့် မယှဉ်ကုန်) (ပသာဒရုပ် ငါးပါး၊ ပဉ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏ (သုခဝေဒနာနှင့်ယှဉ်ကုန်၏)၊ (သုခသဟဂုတ်စိတ် ၆၃-ပါးနှင့် ၄င်း၌ရှိသော သုခဝေဒနာကြဉ်သည့် ယှဉ်ဘက် စေတသိက်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် သုခဝေဒနာနှင့်တကွ မဖြစ်ကုန် (ကြွင်းသော စိတ္တုပ္ပါဒ်များ၊ သုခသဟဂုတ်စိတ်၌ရှိသော သုခဝေဒနာ ၆၃-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၅၉၈)

**(၉၂) ဥပေက္ခာသဟဂတဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် ဥပေက္ခာဝေဒနာနှင့်တကွမဖြစ်ကုန် (ဥပေက္ခာဝေဒနာနှင့် မယှဉ်ကုန်) (ပသာဒရုပ် ၅-ပါး၊ အာရုံ၅-ပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဥပေက္ခာ ဝေဒနာနှင့်တကွ ဖြစ်ကုန် ၏ (ဥပေက္ခာဝေဒနာနှင့် ယှဉ်ကုန်၏)၊ (ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါးနှင့် ၎င်း၌ ရှိသော ဥပေက္ခာ ဝေဒနာကြဉ်သည့် ယှဉ်ဘက် စေတသိက်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်ကုန် (ဥပေက္ခာဝေဒနာနှင့် မယှဉ်ကုန်) (ကြွင်းသော စိတ္တုပ္ပါဒ်များ၊ ဥပေက္ခာသဟဂုတ်စိတ်၌ ရှိသော ဥပေက္ခာဝေဒနာ ၅၅-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၆၀၀)

**(၉၃) ကာမာဝစရဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတနဆယ်ပါးတို့သည် ကာမတဏှာ၏ ဖြစ်ရာကျင်လည်ရာဖြစ်သော (ကာမဘုံ၌ သက်ဝင်ဖြစ်သော) 'ကာမာဝစရ' တရား ဖြစ်ကုန်၏ (ကာမာဝစရမည်၏) (ပသာဒရုပ် ၅-ပါး၊ အာရုံ ၅-ပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ကာမတဏှာ၏ ဖြစ်ရာကျင်လည်ရာ ဖြစ်သော 'ကာမာဝစရ' တရား ဖြစ်ကုန်၏ (ကာမစိတ္တုပ္ပါဒ်၊ သုခုမရုပ်)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ကာမ တဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော 'ကာမာဝစရ' တရား မဟုတ်ကုန် (မဟဂ္ဂုတ်, လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

**(၉၄) ရူပါဝစရဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် ရူပတဏှာ၏ ဖြစ်ရာကျင်လည်ရာဖြစ်သော (ရူပဘုံ၌ သက်ဝင်၍ဖြစ်သော) 'ရူပါဝစရ'တရား မဟုတ်ကုန် (ရူပါဝစရ မမည်ကုန်) (ပသာဒရုပ် ၅-ပါး၊ အာရုံ ၅-ပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော 'ရူပါဝစရ' တရား ဖြစ်ကုန်၏ (ရူပါဝစရစိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော 'ရူပါဝစရ' တရား မဟုတ်ကုန် (ကာမ, အရူပ, လောကုတ္တရာစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**(၉၅) အရူပါဝစရဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော 'အရူပါဝစရ' တရား မဟုတ်ကုန် (အရူပါဝစရ မမည်ကုန်) (ပသာဒရုပ် ၅-ပါး၊ အာရုံ ၅-ပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော 'အရူပါဝစရ' တရား ဖြစ်ကုန်၏ (အရူပါဝစရစိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် အရူပတဏှာ၏ ဖြစ်ရာကျင်လည်ရာ ဖြစ်သော 'အရူပါဝစရ' တရား မဟုတ်ကုန် (ကြွင်းသော စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**(၉၆) ပရိယာပန္နဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ ဖြစ်သော ဝဋ်ဆင်းရဲ၌ အကျုံးဝင်သော 'ပရိယာပန္န' တရား ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ ဖြစ်သော ဝဋ်ဆင်းရဲ၌ အကျုံးဝင်သော 'ပရိယာပန္န' တရား ဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ ဖြစ်သော ဝဋ်ဆင်းရဲ၌ အကျုံးမဝင်သော 'အပရိယာပန္န'တရား ဖြစ်ကုန်၏ (လောကုတ္တရာ စိတ္တုပ္ပါဒ်၊ နိဗ္ဗာန်) ။ (ဏီ-၁၆၀၈)

**(၉၇) နိယျာနိကဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော 'နိယျာနိက' တရား မဟုတ်ကုန် (ပသာဒရုပ် ငါးပါး၊ ပဉ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော 'နိယျာနိက' တရား ဖြစ်ကုန်၏ (မဂ်စိတ္တုပ္ပါဒ်များ)။ (ဏီ-၁၆၀၉) အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော 'နိယျာနိက' တရား မဟုတ်ကုန် (ကြွင်းသောစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၆၁၀)

**(၉၈) နိယတဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတနဆယ်ပါးတို့သည် အကျိုးပေး မမြဲသော[၁] 'အနိယတ' တရားမည်၏ (ဖောက်ပြန်သော သဘောရှိ၍ စုတိ၏ အခြားမဲ့၌ (အပါယ်ငရဲ၌) အကျိုးပေးမြဲသော 'မိစ္ဆတ္တနိယတ' တရားလည်း မဟုတ်မူ၍ မဖောက်ပြန်သော သဘောရှိ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲသော 'သမ္မတ္တနိယတ' တရားလည်း မဟုတ်ချေ) (နိယတတရား မဟုတ်ချေ) (ပသာဒရုပ် ၅ပါး၊ အာရုံ ၅-ပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အကျိုးပေးမြဲသော 'နိယတ' တရား ဖြစ်ကုန်၏ (နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းအားဖြင့် ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် သတ္တမဇောစိတ္တုပ္ပါဒ်နှင့် ပဉ္စာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူဒွေတို့၏ သတ္တမဇောစိတ္တုပ္ပါဒ်၊ မဂ်စိတ္တုပ္ပါဒ်)။
အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အကျိုးပေးမမြဲသော 'အနိယတ' တရား ဖြစ်ကုန်၏ (ကြွင်းသော စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

၁။ "အကျိုးပေး မမြဲသော' ဟု ဆိုရာ၌ မည့်သည့်အခါ၌ အကျိုးပေးသည်ကို သေသေချာချာ မသိနိုင်။ မူလဋီကာ ၁၊ နှာ-၄၅။

**(၉၉) သဥတ္တရဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် မိမိထက် လွန်မြတ်သော တရား ရှိသည့် 'သဥတ္တရ' တရား ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဥ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် မိမိထက် လွန်မြတ်သော တရား ရှိသော 'သဥတ္တရ' တရား ဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် မိမိထက် လွန်မြတ်သော တရားမရှိသည့် 'အနုတ္တရ' တရား ဖြစ်ကုန်၏ (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

**(၁၀၀) သရဏဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ)ရှိသော 'သရဏ'တရား မဟုတ်ကုန် (ကိလေသာနှင့် မယှဉ်ကုန်) (ပသာဒရုပ်ငါးပါး၊ ပဥ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) ရှိသော 'သရဏ' တရား ဖြစ်ကုန်၏ (ကိလေသာနှင့် ယှဉ်ကုန်၏) (အကုသိုလ်စိတ္တုပ္ပါဒ်များ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) မရှိသော 'အရဏ' တရား ဖြစ်ကုန်၏ (ကိလေသာနှင့် မယှဉ်ကုန်) (အကုသိုလ်စိတ္တုပ္ပါဒ်တို့ ကြဉ် ကြွင်းသော စိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၆၁၅, ၁၆၁၆)

**(ပိဋ္ဌိဒုက် ၁၈-ခု အဖြေဝိသဇ္ဇနာ ပြီး၏။)**

**(အာယတန ၁၂-ပါးတို့ကို ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြသော**

**'ပဥ္စာပုစ္ဆက' နည်း ပြီး၏။)**

**အာယတန ၁၂-ပါးတို့ကို တိက်, ဒုက်တို့ဖြင့် အမေးအဖြေပြု၍**

**ဟောကြားအပ်သော 'ပဥ္စာပုစ္ဆက' နည်း ပြီး၏။**

# အာယတန ၁၂-ပါးတို့ကို ဝေဖန်၍ ဟောကြားသည့်

# 'အာယတနဝိဘင်း' ပြီးပြီ။

# အာယတနဝိဘင်္ဂေါ နိဋ္ဌိတော။

------